# MIFER BULLETIN

ရင်းနှီး/စီးပွားသတင်းလွှာ

1/2025 (MARCH, APRIL, MAY)

# ဥယျောဇဉ်



နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင် ဖွံ့ဖြိုးမှုအထောက်အပံ့၊ ချေးငွေ၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၇/ ၂၀၁၈) ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအဖြစ် စတင်ဖွဲ့စည်းခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့်မူဝါဒများ၊ လမ်းညွှန်ချက်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ အဓိက မဏ္ဍိုင်ကြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား အများပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ရည်ရွယ်၍ ရင်းနှီး/ စီးပွား သတင်းလွှာကို သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည့် စီးပွားရေးဝန်ကြီးဌာနတစ်ခု ဖြစ်သည်နှင့်အညီ ဤသတင်းလွှာအား ၂၀၂၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏ လူမှု-စီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာဖွံ့ဖြိုးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများရယူ၍ အကျိုးထိရောက်စွာ အသုံးချနိုင်ရေး၊ ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်အားပေးရန်နှင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ရင်းနှီးမြှုပ်နှံသူများအကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရေး၊ ပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်များ စသည်တို့ကို အများပြည်သူ သိရှိနားလည်နိုင်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ယခုထုတ်ဝေမည့် ရင်းနှီး/ စီးပွားသတင်းလွှာ (၁/၂၀၂၅) တွင် ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြည်တွင်း/ ပြည်ပစီးပွားရေးသတင်းများ၊ ကဗျာနှင့် ဗဟုသုတရရှိစေမည့် ဆောင်းပါးများတို့ကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပါသည်။

နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ထမ်းဆောင်ရင်း ဤသတင်းလွှာ ထုတ်ဝေနိုင်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီကြသူများ၊ ဆောင်းပါး ရေးသားပေးပို့ကြသည့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ စီးပွားရေးသတင်းများ ကူညီပံ့ပိုးပေးပါသော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုဝန်ကြီးရုံးမှ ဝန်ထမ်းများအား ကျေးဇူးတင်ရှိပါကြောင်း ဆန္ဒမွန်ဖြင့် မှတ်တမ်းပြုအပ်ပါသည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ကဗျာကဏ္ဍ** | |
| ၁ | "ဤဥယျာဉ်မြေ ပန်းတွေဝေအောင်" | ၁ |
| | **ဆောင်းပါးကဏ္ဍ** | |
| ၂ | ၂၀၂၅ အာရှစီးပွားရေး အခင်းအကျင်း | ၂ |
| ၃ | တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ | ၄ |
| ၄ | ရွှေငါးသုံးကောင် (သို့) စားသုံးဆီဈေးကွက်၏ အသွင်သစ်ထုတ်ကုန် | ၆ |
| ၅ | မြန်မာနိုင်ငံနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများ | ၈ |
| ၆ | ၂၀၂၅ ခုနှစ် ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအကြောင်း သိကောင်းစရာများ | ၁၀ |
| ၇ | MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းများရရှိ | ၁၂ |
| ၈ | ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ | ၁၄ |
| | **MIFER သတင်းကဏ္ဍ** | |
| ၉ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော ဘယ်လာရစ် သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင်ရူဇန်ကော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁၆ |
| ၁၀ | ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ | ၁၇ |
| ၁၁ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှု ရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ | ၁၈ |
| ၁၂ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒိန်းမတ်အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ ပို့ဆောင်ရေး နှင့် မိတ်ဖက်များဆိုင်ရာ | ၁၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | |
| ၁၃ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက် | ၁၉ |
| ၁၄ | ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာ | ၂၀ |
| ၁၅ | ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသည့် (၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခြင်း | ၂၀ |
| ၁၆ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် ထမနဲထိုး ပြိုင်ပွဲကျင်းပ | ၂၁ |
| ၁၇ | ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးသို့ တက်ရောက်မည့် ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသငြိကော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲ ကျင်းပ | ၂၂ |
| ၁၈ | ပဉ္စမအကြိမ် မြန်မာ - ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးကျင်းပ | ၂၃ |
| ၁၉ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား လက်ခံတွေ့ဆုံ | ၂၆ |
| ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ | ၂၆ |
| ၂၁ | အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် ရန်ကုန် ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၅ ကို ကျင်းပ | ၂၇ |
| ၂၂ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ | ၂၉ |
| ၂၃ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် "ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း" အစည်းအဝေးကျင်းပ | ၂၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Titon Mitra တို့အား လက်ခံတွေ့ဆုံ | ၃၁ |
| ၂၅ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ Chinese Enterprises Chamber Of Commerce in Myanmar (CECCM) က ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာနှင့် လူသုံးကုန်ပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်း | ၃၁ |
| ၂၆ | ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများအထူးအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါဝင်တက်ရောက် | ၃၂ |
| ၂၇ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်သင့်ဝန်ထမ်းများအား အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း | ၃၃ |
| ၂၈ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် အဖွဲ့အစည်းများနှင့်ကုမ္ပဏီများမှ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းခြင်းနှင့် သင်္ကြန်ကာလအတွက် ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ် | ၃၄ |
| ၂၉ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူပွဲနှင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားများကျင်းပ | ၃၅ |
| ၃၀ | နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံ၍ အားပေးစကားပြောကြား | ၃၅ |
| ၃၁ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀)မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက် | ၃၇ |
| ၃၂ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၁) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၃၈ |
| ၃၃ | (၄၇) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် | ၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄ | အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၂) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက် | ၄၁ |
| | **ဦးစီးဌာန သတင်းကဏ္ဍ** | |
| ၃၅ | လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု | ၄၂ |
| ၃၆ | ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၏ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပြည်ပပို့ကုန် မြှင့်တင်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပခြင်း | ၄၃ |
| ၃၇ | နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များသို့ မြေပြင်ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း | ၄၄ |
| ၃၈ | နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များသို့ မြေပြင်ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း | ၄၄ |
| ၃၉ | ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှု ပေးခြင်း | ၄၄ |
| ၄၀ | ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး | ၄၅ |
| ၄၁ | တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်း အဝေး | ၄၅ |
| ၄၂ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းစစ်ဆေးခြင်း | ၄၆ |
| ၄၃ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၄၆ |
| ၄၄ | မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ကွင်းဆင်းစစ်ဆေးခြင်း | ၄၆ |
| ၄၅ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခြင်း | ၄၇ |
| ၄၆ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်း အဝေးကျင်းပခြင်း | ၄၇ |
| ၄၇ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခြင်း | ၄၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခြင်း | ၄၈ |
| ၄၉ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်း အဝေးကျင်းပခြင်း | ၄၈ |
| ၅၀ | ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း ကြည့်ရှုခြင်း | ၄၉ |
| ၅၁ | ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း | ၄၉ |
| ၅၂ | ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်း အဝေး ပြုလုပ်ခြင်း | ၅၀ |
| ၅၃ | ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့က The Perpetual Co., Ltd. သို့ ကွင်းဆင်းစစ်ဆေးခြင်း | ၅၀ |
| ၅၄ | ဧရာဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့က Kumudra (Pathein) Garment Co., Ltd. သို့ ကွင်းဆင်းစစ်ဆေးခြင်း | ၅၀ |
| | **ပြည်တွင်း/ပြည်ပသတင်းကဏ္ဍ** | |
| ၅၅ | ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC တို့ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ | ၅၁ |
| ၅၆ | အမေရိကန်အစိုးရသစ်ကြောင့် ကမ္ဘာ့ကုန်သွယ်မှုအပေါ် သက်ရောက်လာနိုင်မှုများ | ၅၂ |
| ၅၇ | ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားက ဆန်တင်သွင်းခြင်းမပြုလျှင် ဆန်စျေးကွက်အပေါ် အကျိုး သက်ရောက်မှု | ၅၄ |
| ၅၈ | AI ကို အလွဲသုံးစားပြု၍ သတင်းမှားများဖြန့်ဝေခြင်းမှ တားဆီးရန် AI အမှတ် တံဆိပ်(label) ဆိုင်ရာ လမ်းညွှန်ချက်များကို တရုတ်အာဏာပိုင်များ ထုတ်ပြန် | ၅၅ |
| ၅၉ | ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူစေရန် TradeNet 2.0 အဆင့်မြှင့်တင်မည် | ၅၆ |
| ၆၀ | တရားမဝင် ကုန်ပစ္စည်းများကို ထိုင်းအစိုးရ ပြင်းထန်စွာအရေးယူမည် | ၅၇ |
| ၆၁ | ဘရာဇီးနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု တိုးမြှင့်မည် | ၅၇ |
| ၆၂ | ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများမျှဝေခြင်းဖြင့် ကုန်သွယ်မှုတိုးတက်စေမည် | ၅၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၃ | ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ထရီလီယံဖြင့် ယခင်နှစ်ကထက် ၃.၇% တိုးတက်ခဲ့ကြောင်း UNCTAD ခန့်မှန်း | ၅၉ |
| ၆၄ | ကမ္ဘာ့ကော်ဖီဈေးနှုန်းမြင့်တက်မှုကြောင့် ဘရာဇီးကော်ဖီစိုက်တောင်သူများမှ လက်ကျန်နည်းပါးသည်အထိ ရောင်းချ | ၆၀ |
| ၆၅ | အမေရိကန်နိုင်ငံမှ လက်ရှိကျင့်သုံးမည့် ကုန်သွယ်မှုမူဝါဒသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကြီးထွားနေသော တောင်အမေရိကတိုက်အပေါ် အကျိုးသက်ရောက်မှုနည်းပါးနိုင် | ၆၁ |

# ကဗျာကဏ္ဍ

MIFER BULLETIN
1/2025

## ဤဥယျာဉ်မြေ ပန်းတွေဝေအောင်

ဤမြေကမ္ဘာ၊ လူ့ပြည်ရွာတွင်
ဥယျာဉ်စခန်း၊ ရဂုံတန်းဝယ်
ခမ်းနားထည်ဝါ၊ တင့်တယ်စွာဖြင့်
သာယာလှပ၊ ပနာရအောင်
ဖော်ဆောင်စိုက်ပျိုး၊ ပန်းမန်မျိုးစုံ
ထုံသင်းရနံ့၊ မွှေးပျံ့ကြိုင်လှိုင်
အပြိုင်ဖူးပွင့်၊ ငွားငွားစွေ့ကာ
လေဝှေ့ရာယိမ်း၊ စိမ်းလန်းစိုပြေ
ကျက်သရေတိုး၊ ဖွံ့ဖြိုးဝေစည်
ရေရှည်တည်အောင်၊ ကြိုးပမ်းဆောင်ရွက်
တူညီလက်ဖြင့်၊ ထွန်းယက်ကြလျှင်
ဥယျာဉ်မြေကြီး၊ ရွှေပင်သီးမည်။
ဤဥယျာဉ်မြေ၊ စိမ်းစိုပြေအောင်
ပေါင်းသင်ရေလောင်း၊ မြေဆီကောင်းရန်
ထွန်ကြောင်းရယ်နက်၊ ထွန်ရေးညက်စွာ
ထွန်ယက်စိုက်ပျိုး၊ ဆောင်းနွေမိုးသို့
ကြိုးပမ်းဆောင်ရွက်၊ လက်ချင်းယှက်ကာ
ထမ်းရွက်ပါလျှင်၊ ဤဥယျာဉ်ကား
ခန့်ညားဝေစည်၊ တင့်တယ်မည်မလွဲ။
ဤဥယျာဉ်မြေ၊ ပန်းတွေဝေအောင်
ပျိုးပင်ရေလောင်း၊ မြေဆီပေါင်းကာ
အများသူငှာ၊ လူတကာက
ဆောင်ရွက်ကြလျှင်၊ ဤဥယျာဉ်ကား
ခန့်ညားဝင့်ထည်၊ ပန်းမြိုင်လယ်၌
လွန်စွာတင့်တယ်၊ ဂုဏ်ဝင့်ထည်စွာ
ရပ်တည်ပါမည်၊ ကမ္ဘာတည်သရွေ့။

**နေမျိုးသူရ**

# ဆောင်းပါးကဏ္ဍ

MIFER BULLETIN
1/2025

## ၂၀၂၅ အာရှစီးပွားရေး အခြေအနေ

အာရှတစ်ဝန်းရှိ နိုင်ငံများ၏ ၂၀၂၅ခုနှစ်တွင် ဖြစ်ပေါ်လာနိုင်သည့် မတူကွဲပြားသော စီးပွားရေး တိုးတက်မှု စွမ်းဆောင်ရည် အခြေအနေကို နိုင်ငံတကာ ငွေကြေး ရန်ပုံငွေအဖွဲ့(IMF)မှမကြာသေးမီက အစီရင်ခံစာ တစ်ရပ်ထုတ်ပြန်ခဲ့သည်။

အဆိုပါ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ထုတ်ပြန်ချက်တွင် ၂၀၂၅ ခုနှစ်အတွက် စီးပွားရေး ကဏ္ဍတွင် အိန္ဒိယနိုင်ငံက ခိုင်မာသော တိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းဖြင့် အာရှနိုင်ငံများကို ဦးဆောင်နေသည်။ ထူးဆန်းစွာပင် အရှေ့တောင်အာရှမှ ဖိလစ်ပိုင်နိုင်ငံကမူ ခိုင်မာသော စီးပွားရေး အရှိန်အဟုန်ကို ဆက်လက်ဖော်ဆောင်ထားနိုင်ပြီး ၎င်း၏ တိုးတက်မှုနှုန်းမှာ ၆ ဒသမ ၁ ရာခိုင်နှုန်း ရှိနေခြင်းကြောင့် ဒုတိယနေရာတွင် ရပ်တည်နေသည်ကိုတွေ့ရသည်။

ကာဇက်စတန် နိုင်ငံကမူ တတိယ နေရာတွင်ရှိနေပြီး ၎င်း၏စီးပွားရေး တိုးတက်မှုနှုန်းမှာ ၅ဒသမ၅ရာခိုင်နှုန်း ရှိနေသည်။ အရှေ့တောင် အာရှနိုင်ငံထဲမှ ပင်ဆီအုန်း လုပ်ငန်းများနှင့် စီးပွားရေး အရှိန်အဟုန်ကောင်းနေသည့် အင်ဒိုနီးရှားနိုင်ငံသည်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ၅ ဒသမ ၁ ရာခိုင်နှုန်းဖြင့် စတုတ္ထနေရာတွင်ရှိနေသည်။

ထို့အတူ အင်ဒိုနီးရှားနိုင်ငံကဲ့သို့ပင် ဆီအုန်းလုပ်ငန်းဖြင့် စီးပွားရေးအားကောင်းနေသည့်မလေးရှားနိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်မှု နိုင်ငံများထဲတွင် ပါဝင်နေပြီး စီးပွားရေး တိုးတက်မှု ၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်နေသည်။ ကမ္ဘာ့စီးပွားရေး ဒုတိယအင်အားအကြီးမားဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ ၄ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အဆင့် ၆ နေရာသို့ရောက်ရှိနေသည်။ဤသည်မှာတရုတ်နိုင်ငံ၏စီးပွားရေး ကျဆင်းလာမှုကို မီးမောင်း ထိုးပြနေခြင်းဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသနိုင်ငံတစ်နိုင်ငံဖြစ်သည့်ဆော်ဒီအာရေဗျသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၃ ဒသမ ၃ ရာခိုင်နှုန်း ရှိသည်။ အီရန်နိုင်ငံကမူ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မည်ဟု နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့(IMF)က ခန့်မှန်းထားသည်။

ပါကစ္စတန်နိုင်ငံကမူ စီးပွားရေး တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်ပြီး တူရကီနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ ၂ ဒသမ ၆ ရာခိုင်နှုန်းရှိမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(I M F )ကခန့်မှန်းထားခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် စီးပွားရေးတိုးတက်မှု ၂ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၁ ရာခိုင်နှုန်းအသီးသီးဖြင့် တိုးတက်မှုနှုန်းနှေးကွေးမည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံ ငွေအဖွဲ့(IMF) ကခန့်မှန်းထားသည်။ ယခုဖော်ပြထားသည့် ကိန်းဂဏန်းများသည် ပြည်တွင်းမူဝါဒများ၊ ကမ္ဘာ့စီးပွားရေး အခြေအနေများနှင့် ပထဝီနိုင်ငံရေး ဆိုင်ရာဖြစ်ရပ်များအပါအဝင် အကြောင်းရင်းများစွာဖြင့် လွှမ်းမိုးထားသော အာရှတစ်ဝန်းရှိ နိုင်ငံများ၏ မတူညီသော စီးပွားရေး လမ်းကြောင်းများကို မီးမောင်းထိုးပြနေသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ခန့်မှန်းချက်များသည် ဒေသတွင်းရှိမူဝါဒ ချမှတ်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အရေးအကြီးဆုံးသော စီးပွားရေးစံနှုန်း သတ်မှတ်ချက်တစ်ခုဖြစ်သည်။ ASEAN+3 Macroeconomic Research Office (AMRO) မှ ASEAN+3 Regional Economic Outlook (AREO) ၏ နောက်ဆုံး သုံးလပတ် အစီရင်ခံစာ အရ ASEAN+3 ဒေသသည် ၂၀၂၅ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု ၄ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်မည်ဟု ခန့်မှန်းထားသည်။

ခိုင်မာသော ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပပို့ကုန် တိုးတက်မှုသည် ဒေသတွင်းတိုးတက်မှုကို များစွာ အထောက်အပံ့ဖြစ်စေမည်ဟု မျှော်လင့်သော်လည်းမြင့်မားသော အကောက်ခွန်များ အပါအဝင် နိုင်ငံတကာနှင့် ပတ်သက်သည့် ကုန်သွယ်ရေးတင်းမာမှုများ တိုးလာခြင်းသည် ပြင်ပဝယ်လိုအားကို ကျဆင်းစေနိုင်သည်။ AMRO ၏ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ခန့်မှန်းချက်နှင့်အညီ အာဆီယံ+ ၃ ဒေသသည် တစ်နှစ်တာ တိုးတက်မှုနှုန်း ၄ ဒသမ ၂ ရာခိုင်နှုန်းရရှိရန်လမ်းကြောင်းပေါ်တွင်ရှိနေသည်။

အာဆီယံစီးပွားရေး အများအပြားတွင် တိုးတက်မှုနှုန်းသည် အာဆီယံ + ၃ [တရုတ်၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ ဂျပန်၊ကိုရီးယား]စသည့် နိုင်ငံများတွင် မျှော်လင့်ထားသည်ထက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေဦးမည်ဖြစ်သည်။ ဤအတောအတွင်း ကမ္ဘာ့စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး ဈေးနှုန်းများသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းအထိ ဖြေလျော့ခဲ့ခြင်းကြောင့် ဒေသတွင်းတွင်

ငွေကြေးဖောင်းပွမှုမှာ ၁ ဒသမ ၇ ရာခိုင် နှုန်းသို့ လျော့ကျသွားပြီး စီးပွားရေးကပ်ရောဂါ အကြို အဆင့် သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အာဆီယံနိုင်ငံများ၏ တိုးတက်မှုနှုန်းသည် ယခု ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၂ ရာခိုင်နှုန်းဖြင့် တည်တံ့မည်ဟု မျှော်လင့်ရပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ 2024 AREO Update တွင် ခန့်မှန်းထားသည့် ၄ ဒသမ ၄ ရာခိုင်နှုန်းအောက်အနည်းငယ်သာ ကျဆင်းဖွယ်ရှိနေသည်။ အခြားတစ်ဖက်တွင် ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းရန် အရိပ်ပြနေခြင်းမှာ အမေရိကန်သမ္မတအသစ် ဒေါ်နယ်ထရန့် တက်လာချိန်တွင်၎င်းတို့၏ စီးပွားရေးပြိုင်ဘက်များအပေါ် အကောက်ခွန်တိုးမြှင့်ရန် ပြင်ဆင်လာခဲ့ခြင်းက ဆိုးကျိုးတစ်စုံတစ်ရာဖြစ်လာနိုင်သည်။

အဆိုပါ အကောက်ခွန်၏ အကျိုးသက်ရောက်မှုသည် ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၀ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည့် အာဆီယံ + ၃ စီးပွားရေးအပေါ် သက်ရောက်မှု ပိုမိုရှိလာမည်ဟု မျှော်လင့်ရသည်။ အာဆီယံ+ ၃ ၏ ပို့ကုန်စွမ်းဆောင်ရည်သည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် အားကောင်းခဲ့ပြီး ဒေသတွင်းပြည်တွင်းစားသုံးမှုအားနည်းချက်များကို ကူညီပေးသည်ဟု AMRO မှ စီးပွားရေး ပညာရှင် ဟိုးအီးခိုက ပြောကြားခဲ့သည်။

သို့သော်လည်း ကုန်သွယ်ရေးတင်းမာမှုများ မြင့်တက်လာခြင်း၊ အထူးသဖြင့် အမေရိကန်၏ စည်းကြပ်ခွန်များမြင့်တင်ခြင်းသည် ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် ဒေသတွင်းနှင့် ကမ္ဘာ့အခြား ဒေသများအတွက် ပြင်ပဝယ်လိုအားကို ထိခိုက်စေနိုင်သည်။ အာဆီယံ+ ၃ ဒေသတစ်ဝန်းတွင် ကုန်ဈေးနှုန်း ကြီးမားမြင့်တက်မှုကို ကောင်းစွာထိန်းချုပ်နိုင်မည်ဟု မျှော်လင့်ရသည်။

ငွေကြေး ဖောင်းပွမှုကြီးမားသည့် နိုင်ငံများသည် ပြည်တွင်း ဝယ်လိုအားနှင့် အစိုးရ၏ ထောက်ပံ့ရေး ကွင်းဆက်ပြုပြင် ပြောင်းလဲမှုများကြောင့် စီးပွားရေးပြုပြင်မောင်းနှင်အားသည် ယခုနှစ်တွင် ၂ ဒသမ ၁ ရာခိုင်နှုန်းအထိတိုးလာမည်ဟုမျှော်လင့်ရသည်။သို့သော်လည်း အချို့နိုင်ငံများတွင် ငွေကြေးဖောင်းပွမှု အန္တရာယ်များက ကျန်ရှိနေဆဲဖြစ်ပြီး အဓိကအားဖြင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဈေးနှုန်းများ မြင့်တက်ခြင်းနှင့် ဆိုးရွားသော ရာသီဥတုအခြေအနေများကြောင့်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ တိုးတက်မှု၏ ၄၀ ရာခိုင်နှုန်းကျော်ကို ပိုင်ဆိုင်ထားသည့် အာဆီယံ+၃ အတွက် စီးပွားရေး အလားအလာသည် မရေရာမှုများ ရှိနေဦးမည်ဖြစ်သည်။ ၎င်းတို့တွင် ကုန်သွယ်ရေး တင်းမာမှုများ တိုးမြင့်လာခြင်းနှင့် အမေရိကန် ငွေကြေးမူဝါဒအတွက် မျှော်လင့်ချက်များ သမ္မတ အသစ်လက်ထက် အပြောင်းအလဲများက အဓိကဇာတ်ကောင်အဖြစ် ပါဝင်သည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အမေရိကန် စီးပွားရေးအညွှန်းကိန်းများဖြစ်သည့် တင်းကျပ်သည့် အလုပ်သမားဈေးကွက်နှင့် ခိုင်မာအားကောင်းသော အခြေခံ ငွေကြေးမူဝါဒတို့သည် ရေရှည်အတိုးနှုန်းမြင့်မားခြင်းအတွက် စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ မြင့်မားသော အခွန်အကောက်များနှင့် အခွန်ဖြတ်တောက်မှုများ အပါအဝင် အမေရိကန်အစိုးရသစ်၏ မူဝါဒ အပြောင်းအလဲများသည် ငွေကြေးဖောင်းပွမှု အန္တရာယ်များကို ပိုမိုမြင့်မားလာစေပြီး ဒေသတွင်း ဘဏ္ဍာရေး အခြေအနေများကို တင်းကျပ်စေနိုင်သည်။

ASEAN+ 3 Macroeconomic Research Office (AMRO) သည် အရှေ့တောင် အာရှနိုင်ငံများ အသင်း (ASEAN) နှင့် တရုတ်နိုင်ငံတို့မှ အဖွဲ့ဝင် ၁၀ နိုင်ငံ ပါဝင်သော အာဆီယံ+ ၃ ဒေသ၏ မက်ခရို စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ပံ့ပိုးကူညီရန် တည်ထောင်ထားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည်။

(စိုင်းဗညား၊ Source; ASIA.org)

## တရုတ်-မြန်မာစီးပွားရေးစင်္ကြံ

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (The China-Myanmar Economic Corridor-CMEC)သည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့်ပိုးလမ်းစီမံကိန်း (Belt and Road Initiative-BRI) ၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခုဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့အကြား စီးပွားရေး ဆက်ဆံမှု အားကောင်းစေရန် ရည်ရွယ်၍ စတင် အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်ပါသည်။တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် ရှည်လျားသောသမိုင်းကြောင်းတစ်လျှောက် စီးပွားရေးနှင့်ယဉ်ကျေးမှုဖလှယ်ရေးတို့တွင် အပြန်အလှန် မျှဝေခဲ့ကြသည့် နိုင်ငံများဖြစ်ပါသည်။ မကြာသေးမီ နှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် အခြေခံအဆောက်အအုံ၊ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန် ရည်ရွယ် ထားသည့် ရည်မှန်းချက်ကြီးမားသော တရုတ်-မြန်မာစီးပွားရေးစင်္ကြံ မှတစ်ဆင့်နှစ်နိုင်ငံဆက်ဆံရေး ပိုမိုနက်ရှိုင်းလာခဲ့ပါသည်။ တရုတ်-မြန်မာစီးပွားရေးစင်္ကြံကို ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr. Wang Yi ၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း တရားဝင် အဆိုပြုခဲ့ပါသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ ပဏာမ ခြေလှမ်းကို တရားဝင်စတင်ခဲ့ခြင်းဖြစ်ပါသည်။

တရုတ် - မြန်မာ စီးပွားရေးစင်္ကြံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းစီမံကိန်း (Belt and Road Initiative-BRI)အောက်ရှိ အရေးပါသော စင်္ကြံတစ်ခုဖြစ်ပြီး မန္တလေး၊ ရန်ကုန်နှင့် ကျောက်ဖြူ အပါအဝင် မြန်မာနိုင်ငံရှိ အဓိက စီးပွားရေး အချက်အချာ ကျသောဒေသများနှင့် တရုတ်နိုင်ငံကို ချိတ်ဆက်ရန် ရည်ရွယ်ထားသည့် စီမံကိန်းဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာသို့ တိုက်ရိုက် ထွက်ပေါက်ရရှိစေကာ မလက္ကာရေလက်ကြားအပေါ် မှီခိုအားထားမှုကို လျှော့ချပေးပြီး စွမ်းအင် လုံခြုံရေးကို မြှင့်တင် ပေးနိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း အခြေခံ အဆောက်အအုံများ ခေတ်မီစေရန်၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုဆွဲဆောင်ရန်နှင့် ကမ္ဘာ့ကုန်သွယ်ရေး ကွန်ရက်များတွင် ပေါင်းစည်းရန် အခွင့်အလမ်းတစ်ရပ်ကို ရရှိနိုင်မည့် စီမံကိန်းဖြစ်ပါသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ခြင်းဖြင့် အောက်ဖော်ပြပါ အဓိက အခြေခံ အဆောက်အအုံ စီမံကိန်းများ ပါဝင်လာမည် ဖြစ်ပါသည်-


(က) ကျောက်ဖြူရေနက်ဆိပ်ကမ်း၊

(ခ) တရုတ်-မြန်မာ မြန်နှုန်းမြင့် ရထားလမ်း၊

(ဂ) စီမံကိန်းတစ်လျှောက်ရှိ လမ်းတံတားများ အဆင့်မြှင့်တင်ခြင်း၊

(ဃ) အထူးစီးပွားရေးဇုန်များနှင့်စက်မှုဇုန်များ။

စီးပွားရေး သက်ရောက်မှုများ အနေဖြင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့်စွမ်းအင် စသည့်နယ်ပယ်အသီးသီးတွင် အကျိုးဖြစ်ထွန်းစေမည့် နှစ်နိုင်ငံကုန်သွယ်မှုကိုတိုးမြှင့်လာနိုင်ခြင်း၊ အခြေခံအဆောက်အအုံ စီမံကိန်းများ အကောင်အထည်ဖော်လာခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပြီး နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည်ဖြစ်ခြင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြအသွင်ကူးပြောင်းရေးတို့ကိုမြှင့်တင်ခြင်းဖြင့်စီးပွားရေး ကွာဟမှုကို ပေါင်းကူးပေးမည်ဖြစ်ခြင်းစသည့် သက်ရောက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။




မြန်မာနိုင်ငံ အနေဖြင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးအတွက် ပူးတွဲ ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ၂၀၂၂ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ပြန်လည် ပြင်ဆင်ဖွဲ့စည်းခဲ့ရာအဖွဲ့ဝင် စုစုပေါင်း ၂၁ ဦးပါဝင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာ ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ

အဖြစ် လည်းကောင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း အသီးသီး ဆောင်ရွက်ကြပါသည်။

အဆိုပါ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ အောက်တွင် အောက်ဖော်ပြပါ ပူးပေါင်းလုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့ကို ဖွဲ့စည်းထားရှိပါသည်-

(က) ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းပူးပေါင်းဆောင်ရွက် မှုလုပ်ငန်းအဖွဲ့၊
(ခ) ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊
(ဂ) သယ်ယူပို့ဆောင်ရေး ပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၊
(ဃ) စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၊
(င) စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း အဖွဲ့၊
(စ) နယ်စပ်စီးပွားရေးပူး ပေါင်းဆောင်ရွက်မှု ဇုန် များပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊
(ဆ) ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင် ရွက်မှုလုပ်ငန်းအဖွဲ့၊
(ဇ) ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် မှုလုပ်ငန်းအဖွဲ့၊
(ဈ) ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် မှုလုပ်ငန်းအဖွဲ့၊
(ည) သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၊
(ဋ) ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်း အဖွဲ့၊
(ဌ) ဂေဟစနစ်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(DICA) သည် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာန လက်အောက်ရှိ ဦးစီးဌာန တစ်ခုဖြစ်သည့် အပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများအတွက် စည်းမျဉ်းထိန်းသိမ်း သူအနေဖြင့်လည်းကောင်း၊ ကုမ္ပဏီ မှတ်ပုံတင်ဌာနအဖြစ် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ အနေ ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတွင်းရေးမှူးရုံး အနေဖြင့်လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည် ချက်(၉)ရပ် တို့ကို အကောင်အထည်ဖော်ရာတွင်လည်း တစ်ထောင့် တစ်နေရာမှ အားသွန်ခွန်စိုက် ဆောင်ရွက် လျက်ရှိသည့်နည်းတူ အထက်ဖော်ပြပါ ပူးပေါင်းအဖွဲ့ ၁၂ ဖွဲ့တွင်လည်း ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အဖွဲ့နှင့် ဂေဟစနစ်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်း အဖွဲ့တို့မှလွဲ၍ ကျန်အဖွဲ့များတွင် DICA မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြား ရေးမှူးများက အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Source:

https://www.moi.gov.mm/npe/mnmaa-ttrutt-ciipaarecngknnng-rpwnnngpiulmmaeaakm-ciimnkinmaa-arinahunmngttngcheaangrksaare

https://www.mlis.gov.mm/mLsView.do;jsessionid=E9033C5F0EC245AAF5909E91A16B09F8?lawordSn=16207

https://www.researchgate.net/publication/340547812_CHINA'S_'BELT_AND_ROAD_INITIATIVE'_AND_GLOBAL_MARITIME_TRADE_FLOWS/

သန်းဇော်
ဒုတိယညွှန်ကြားရေးမှူး
DICA

## ရွှေငါးသုံးကောင် (သို့) စားသုံးဆီဈေးကွက်၏ အသွင်သစ်ထုတ်ကုန်

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးအား ကရင်ပြည်နယ်၊ ဘားအံမြို့၊ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် အဆင့်မြင့် စားအုန်းဆီ သန့်စင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်း တစ်ခုအား အတည်ပြုမိန့်ထုတ်ပေးရန် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ဆုံးဖြတ်ခဲ့သည်။

ကရင်ပြည်နယ်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအား အဓိက စီးပွားရေး ကဏ္ဍတစ်ခုအဖြစ် ဆောင်ရွက်နေသော ပြည်နယ်ဖြစ်သည်။ နှစ်စဉ် GDP တွင် စိုက်ပျိုးမွေးမြူရေး ကဏ္ဍ၏ ပါဝင်မှုမှာ (၃၅%) ခန့်ရှိသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးစပါး စိုက်ပျိုးဧက ၄၂၇,၁၅၁ ဧကကို ရိတ်သိမ်း ထွက်ရှိခဲ့ပြီး၊ နွေစပါးစိုက်ပျိုးထားဆဲ ဧကမှာလဲ ၁၁၃,၇၅၃ ဧက ရှိသော ကရင်ပြည်နယ်သည် ဆန်စပါး ဖူလုံသောဒေသဖြစ်သည်။

ဆီထွက်သီးနှံ စိုက်ဧကမှာမူ ၉၇,၆၇၄ ဧက ခန့်သာရှိ၍ ပြည်နယ်အတွင်း ဆီဖူလုံမှုတွင်လိုအပ်ချက်ရှိနေပေသည်။ ထို့ပြင် စိုက်ပျိုးရေးထုတ်ကုန်များကို အခြေပြုသော စက်မှုလုပ်ငန်း (Agro-based Industries) များလည်း လိုအပ်လျက်ရှိပေသည်။ အဆိုပါ လိုအပ်ချက်များအား တတ်စွမ်းသမျှ ဖြည့်ဆည်းရန် ရည်ရွယ်ချက်ဖြင့် ရွှေငါးသုံးကောင် ကုမ္ပဏီလီမိတက်၏ အဆင့်မြင့် စားအုန်းဆီ သန့်စင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းသည် ဘားအံစက်မှုဇုန်တွင် စတင် တည်ထောင်တော့မည်ဖြစ်ပေသည်။

လုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရွှေငါးသုံးကောင်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်း ဒါရိုက်တာ ဦးစိန်တန်အောင်က အောက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့သည်-

“ကျွန်တော်တို့ အနေနဲ့ ကုန်ကြမ်းအဖြစ် မလေးရှားနိုင်ငံနှင့် တနင်္သာရီတိုင်းဘက်က ဆီအုန်း ဆီကြမ်းတွေကို ဝယ်ယူတင်သွင်းပါမယ်။ ပြီးရင် သန့်စင်စက် (Refinery) တွေမှာ သန့်စင်ပြီး ပြည်သူတွေအတွက် ကျန်းမာရေးနှင့် ညီညွတ်တဲ့ ကုန်ချော စားအုန်းဆီတွေကို ထုတ်လုပ်သွားပါမယ်။ စားအုန်းဆီ ကုန်ကြမ်းနဲ့ သန့်စင်ပြီးစားအုန်းဆီရဲ့ အခြေခံ အချက်အလက် နှိုင်းယှဉ်ချက်တွေရယ်၊ ဈေးကွက် အတွင်းမှာရှိတဲ့ အခြားစားအုန်းဆီတွေနဲ့ ကျွန်တော်တို့ ထုတ်လုပ်မယ့် ရွှေငါးသုံးကောင် အဆင့်မြင့် စားအုန်းဆီရဲ့ အခြေခံ အချက်အလက် ကွာခြားချက်တွေက အောက်ပါ အတိုင်း ဖြစ်ပါတယ်”

* Quality Indicators (Raw oil vs Finished Oil)

| | Raw Oil (စားအုန်းဆီကုန်ကြမ်း) | Finished Oil (သန့်စင်ပြီး ရွှေငါးသုံးကောင် အဆင့်မြင့် စားအုန်းဆီ) |
|---|---|---|
| Water and Volatine matter | 0.2% | 0.05% |
| FFA % (Free Fatty Acid) | 1% | 0.1% |
| Residual solvent | 0.03% | 0.01% |
| Impurities | 2% | 0.05% |
| Color | Various | Y20,R20 (Lovibond colorimeter 133.4slot) |

* Nutrition Facts

| 15ml တွင် ပါဝင်သည့်စံနှုန်း | ဈေးကွက်အတွင်း ရောင်းချနေသည့် အခြားစားအုန်းဆီ | ရွှေငါးသုံးကောင် အဆင့်မြင့် စားအုန်းဆီ |
|---|---|---|
| Energy | 115 Kcal | 124 Kcal |
| Protein | 0 g | 0 g |
| Total Fat | 16 g | 14 g |
| Cholestrol | 0 mg | 0 mg |
| Carbohydrate | 0 g | 0 g |
| Dietary Fibre | 0 g | 0 g |
| Sodium | 0 mg | 0 mg |
| Vitamin E | 4 mg | 7 mg |

“ကျွန်တော်တို့ ထုတ်ကုန် ကုန်ချောရဲ့ အဓိက ထူးခြားချက်တွေကတော့ ထုတ်ပိုးမှုပုံစံ (Packing) ပါ။ ကျွန်တော်တို့ ကုန်ချောကို ၅ ကျပ်သား၊ ၁၀ ကျပ်သား၊ ၂၀ ကျပ်သား ပလတ်စတစ် အိတ်တွေနဲ့ ထုတ်လုပ် သွားပါမယ်။ ဒီလို ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ကော်စေ့ဈေးနှုန်း ကြီးမြင့်တဲ့အတွက် ဆီထည့်တဲ့ ဗူးတွေရဲ့ ဈေးကြီးမြင့်ပြီး ဆီဈေးနှုန်းအပေါ်မှာ သက်ရောက် ကြီးမြင့်လာတာကို ကျော်လွှားနိုင်ဖို့ရယ်၊ အခြေခံလူတန်းစားတွေ မိမိငွေနဲ့ လက်လှမ်းမှီတဲ့ ဆီပမာဏကို အရည်အသွေးမှန်ကန်စွာ ဝယ်ယူနိုင်ဖို့ရယ်၊ Street Food ရောင်းချတဲ့ လုပ်ငန်းငယ် လေးတွေ လွယ်ကူသက်သာစွာ ဆီအမျိုးအစားကောင်းကို သုံးစွဲနိုင်ဖို့ရယ်၊ စားသုံးသူတွေ့ရဲ့ ကျန်းမာရေးကို မထိခိုက် စေဖို့ရယ် စတဲ့အချက်တွေကို ရည်ရွယ် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှု ရည်မှန်းချက် ကတော့ တစ်နှစ်လျှင် တန်ချိန် ၈၀၀ ခန့်သန့်စင် ထုတ်လုပ် သွားမည်ဖြစ်ပါတယ်”



(၅)ကျပ်သားထုပ်



(၁၀)ကျပ်သားထုပ်

“ကျွန်တော်တို့ ထုတ်ပိုးမှုမှာအသုံးပြုမယ့် ပလတ်စတစ်ဆီအိတ်တွေက ဆီထည့်ဖို့အတွက် သီးသန့် ရည်ရွယ်ထုတ်လုပ်ထားတဲ့ PE Single Layer (pillow type) အမျိုးအစား ဖြစ်ပြီး (12) psi Pressure Test အထိခံနိုင်ရည်ရှိတဲ့အတွက် သာမန်ဖိအားကြောင့် ပေါက်ပြဲတာ၊ ပွင့်ထွက်တာတွေ မဖြစ်နိုင်ပါဘူး။”







“ကျွန်တော်တို့ ထုတ်ကုန် ကုန်ချောတွေကို ကုန်ပစ္စည်းအမှတ်တံဆိပ်မှတ်ပုံတင်တာ၊ကုန်ညွှန်းအမှတ်အသားတွေ ပြည့်စုံစွာထည့်တာအပြင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု ဦးစီးဌာန (FDA) ရဲ့ခွင့်ပြုချက်ရရှိအောင်လည်း အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်ပြီး စစ်ဆေးမှုခံယူသွားပါမယ်။”

“ကျွန်တော်တို့အနေနဲ့ စားသုံးသူပြည်သူတွေကို တင်ပြလိုတာကတော့ တစ်ဖက်နိုင်ငံက တံဆိပ်မျိုးစုံနဲ့ ထုတ်လုပ်နေတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတဲ့ စားသုံးဆီတွေအစား ကျွန်တော်တို့ရဲ့ ထုတ်ကုန်ကို သုံးစွဲကြည့်ပါ။ သက်ဆိုင်ရာဌာနတွေရဲ့ စစ်ဆေးမှုကိုလည်း ကျွန်တော်တို့ အမြဲ ကြိုဆိုပြီးလိုအပ်တာမှန်သမျှ လိုက်နာသွားပါမယ်။ ကျွန်တော်တို့ကိုယ်တိုင်လဲ စားသုံးဆီနဲ့ မကင်းသော စားသုံးသူတွေဖြစ်တဲ့အတွက် စားသုံးသူတွေအပေါ် ကိုယ်ချင်းစာစိတ်၊ စေတနာ စိတ်ထားကာ ကျန်းမာရေးနှင့် ညီညွတ်တဲ့ ထုတ်ကုန် ကုန်ချောတွေကို ထုတ်လုပ်ဖြန့်ချီ သွားပါမယ်လို့ ပြောကြားချင်ပါတယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ။”

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် အားဖြည့်ဆောင်ရွက်မည့် ရွှေငါးသုံးကောင် (သို့) စားသုံးဆီစျေးကွက်၏ အသွင်သစ် ထုတ်ကုန်သည်ကား ကရင်ပြည်နယ်၊ ဘားအံ စက်မှုဇုန်တွင် အခြေပြု၍ မြန်မာပြည်တလွှားသို့ ဖြန့်ကျက်ရန် အစပြုလျက် ရှိနေပြီဖြစ်ပေတော့သည်။

နိုင်ဝင်းတိုး (ဘားအံ)

## မြန်မာနိုင်ငံနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများ

မြန်မာနိုင်ငံသည် သဘာဝအလှတရားများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သမိုင်းဝင်နေရာများစွာတို့ဖြင့် ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကို Germ of Southeast Asia လို့ပင် တင်စားခေါ်ဝေါ်ကြသည် အထိ မြန်မာနိုင်ငံရဲ့ ရေမြေတောတောင် သဘာဝများဟာဆိုရင် ခရီးသွားလုပ်ငန်း လုပ်ကိုင်ရန် ထူးခြားလှပလွန်းလှပါတယ်။ သို့သော် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့ဟန်ချက်ညီစွာ လုပ်ဆောင်နိုင်မည်ကို စဉ်းစားရန်လည်း အရေးကြီးပါတယ်။ ဒါကြောင့် ဤဆောင်းပါးတွင် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးသွား လုပ်ငန်းများအကြောင်း ဆွေးနွေးသွားမည် ဖြစ်ပါတယ်။



### မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်အခြေအနေ

မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ သစ်တောများ၊ မြစ်များ၊ ပင်လယ်ကမ်းရိုးတန်းများနှင့် တောရိုင်းတိရစ္ဆာန်များ စုံလင်စွာရှိပါတယ်။ သို့သော် လူဦးရေတိုးတက်လာမှု၊ မြို့ပြဖွံ့ဖြိုးမှုနှင့် စီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်လာမှုတို့ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ များပြားလာပါတယ်။

### သစ်တောပြုန်းတီးမှု

မြန်မာနိုင်ငံတွင် သစ်တော ပြုန်းတီးမှုနှုန်းသည် မြင့်မားလျက်ရှိပြီး ထင်းအဖြစ်အသုံးပြုမှု၊ စိုက်ပျိုးမြေများချဲ့ထွင်မှုနှင့် ခိုးထုတ်မှုများကြောင့် သစ်တောများ ဆုံးရှုံးလျက်ရှိပါတယ်။ ထို့ကြောင့် ရာသီဥတု ပြောင်းလဲမှုများကို ပိုမိုဆိုးရွားစေပြီး ဇီဝဂေဟစနစ်ကို ခြိမ်းခြောက်လျက်ရှိပါတယ်။



### လေထုညစ်ညမ်းမှု

မြို့ကြီးများတွင် လေထုညစ်ညမ်းမှုသည် ပြဿနာ တစ်ရပ်ဖြစ်လာပြီး စက်ရုံများ၊ ကားများနှင့် စွန့်ပစ်ပစ္စည်းများကြောင့် လေထုညစ်ညမ်းမှုသည် ပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေပါတယ်။



### ပလတ်စတစ်ညစ်ညမ်းမှု

မြန်မာနိုင်ငံတွင် ပလတ်စတစ် အသုံးပြုမှုနှုန်း သည် မြင့်မားလျက်ရှိပြီး ပလတ်စတစ်စွန့်ပစ် ပစ္စည်းများသည် မြစ်များ၊ ပင်လယ်များနှင့် မြေပြင်ကို ညစ်ညမ်းစေပါတယ်။



## မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု

ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု ဆိုသည်မှာ လက်ရှိမျိုးဆက်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရင်းအနာဂတ်မျိုးဆက်များရဲ့လိုအပ်ချက်များကို ထိခိုက်မှုမရှိစေရန် ဖွံ့ဖြိုးတိုးတက်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းအတွက် အလားအလာများစွာ ရှိသော်လည်း ရေရှည်တည်တံ့ ခိုင်မြဲသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်ရန် လိုအပ်ပါတယ်။

### သဘာဝခရီးသွားလုပ်ငန်း (Ecotourism)

သဘာဝ ခရီးသွားလုပ်ငန်း (Ecotourism) သဘာဝခရီးသွားလုပ်ငန်းသည် ပတ်ဝန်းကျင်ကို ထိခိုက်မှု နည်းစေပြီး ဒေသခံများရဲ့စီးပွားရေးကို ဖွံ့ဖြိုးစေပါတယ်။ မြန်မာနိုင်ငံတွင် သဘာဝခရီးသွားလုပ်ငန်းကို အားပေးကာ ဒေသခံများအား ပါဝင်စေရန် လိုအပ်ပါတယ်။

### ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း

ပုဂံမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များ ကဲ့သို့သော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာ ယဉ်ကျေးမှုအခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပါတယ်။



### အဆင့်မီခရီးသွားအခြေခံအဆောက်အအုံများ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အဆင့်မီ ခရီးသွားအခြေခံအဆောက်အအုံများလိုအပ်ပြီး လမ်းများ၊ ဟိုတယ်များနှင့် သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါတယ်။

မြန်မာနိုင်ငံသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်ရန် လိုအပ်ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးအတွက် အခွင့်အလမ်းများစွာကို ဖန်တီးပေးသော်လည်း ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ရေရှည်တည်တံ့ ခိုင်မြဲသော နည်းလမ်းများဖြင့် လုပ်ဆောင်ရန် လိုအပ်ပါတယ်။ ဤသို့ဖြင့် မြန်မာနိုင်ငံသည် သဘာဝအလှတရားများနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်တည်တံ့ခိုင်မြဲစေနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့များ ရယူနိုင်ပါတယ်။

အိမ်နီးချင်း ထိုင်းနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ခရီးသွား ကဏ္ဍမှ တစ်နှစ်လျှင် ပျမ်းမျှ တိုးတက်မှုနှုန်း ၁၃ ရာခိုင်နှုန်းနှင့် GDP ၏ ၁၅ ရာခိုင်နှုန်းခန့် ပါဝင် လျက်ရှိနေပါတယ်။ ထိုင်းနိုင်ငံ ရဲ့ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၏ အဓိက အကြောင်းအရင်းကို လေ့လာကြည့်မယ်ဆိုရင် အချိန်ကာလ အပေါ်မူတည်၍ ဈေးကွက် ရှာဖွေနိုင်တယ်ဆိုတဲ့အချက်ကိုတွေ့ရှိရပါတယ်(ဥပမာ-ဆွန်ခရမ်ပွဲတော်ကျင်းပခြင်း) မြန်မာနိုင်ငံအနေဖြင့်လည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် Marketing Strategy များကို အချိန်ကာလ အပေါ်မူတည်၍ ချမှတ် ဆောင်ရွက် နိုင်ပါတယ်။ မြန်မာနိုင်ငံသည် သဘာဝအလှတရားများနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာ အချိန် ကာလအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ခရီးသွားကဏ္ဍ ရေရှည်တည်တံ့ ခိုင်မြဲစေ နိုင်မည်ဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက၊ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝကို ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးကာ ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့်ကမ္ဘာ့ခရီးသွားဈေးကွက်တွင်အရေးပါသော နေရာတစ်ခုတွင် ရပ်တည်နိုင်မှာဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် မျှော်လင့်ချက်တစ်ရပ် ဖြစ်ပြီး နိုင်ငံသားအားလုံးအတွက် ပိုမို ကောင်းမွန်သောဘဝနှင့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည့် အခွင့်အလမ်း တစ်ရပ်ဖြစ်သည်ကို ရေးသားတင်ပြအပ်ပါတယ်။

ခင်သီတာဇင် (DICA HR)

https://feastoftravel.com/myanmar/

## ၂၀၂၅ ခုနှစ် ကချင်ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများအကြောင်း သိကောင်းစရာများ

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ကော်မတီအစည်းအဝေးများ ကျင်းပခြင်း၊ ရင်းနှီးမြှုပ်နှံမှု ကွင်းဆင်းစစ်ဆေးမှု အခြေအနေနှင့်ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအပေါ် ဖြေလျှော့ ဆောင်ရွက်မှု အခြေအနေများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလထိ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကဏ္ဍ ၆ ခုရှိပြီး လုပ်ငန်းပေါင်း ၁၆ ခု တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၉၄၄.၉၈၅ သန်း ခွင့်ပြုပေးနိုင်ခဲ့ပါသည်။

၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလအထိ ခွင့်ပြု မြန်မာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ကဏ္ဍ ၈ ခု ရှိပြီး လုပ်ငန်းပေါင်း ၂၁ ခုတွင် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၀.၃၆၄ သန်း အပါအဝင် ကျပ် ၄၂၂၀၁.၆၆၉ သန်း ခွင့်ပြုပေးခဲ့ပါသည်။

မြန်မာနိုင်ငံကုမ္ပဏီဥပဒေ ၂၀၁၇ အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အွန်လိုင်းမှတ်ပုံတင်မှု (Myanmar Company Online Registry – MyCO) စနစ်ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ဖေဖော်ဝါရီလအထိ ကချင်ပြည်နယ်မှ ကုမ္ပဏီစုစုပေါင်း ၄၀၂ ခု ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပါသည်။

### ဒေသတွင်းစီးပွားရေးအခြေအနေ

ကချင်ပြည်နယ်သည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့ အကြား မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းတွင်တည်ရှိပြီး သဘာဝ သယံဇာတ အရင်းအမြစ်များပေါကြွယ်ဝပြီး သာယာလှပသည့် ရေမြေတောတောင်များကို ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ပထဝီအနေအထားအရ စီးပွားရေးအချက်အချာကျသော နေရာတွင် တည်ရှိနေပါသည်။ ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး ပြည်နယ်အတွင်းတွင်တွင်းထွက်သယံဇာတများလည်း ထုတ်ယူနိုင်သဖြင့် သဘာဝ အရင်းအမြစ်ကို အခြေခံသည့် စီးပွားရေးပုံစံကို တွေ့ရှိရပါသည်။ ကချင်ပြည်နယ်အတွင်း အခြေခံ အဆောက်အအုံများ ခိုင်မာမှုရရှိအောင် တည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေးကို အလျှင်အမြန် ရရှိစေမည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်း၊ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကို ရရှိနိုင်မည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

ကချင်ပြည်နယ်၏ အဓိကစိုက်ပျိုးရေး ထွက်ကုန်များမှာ ဆန်၊ အစေ့ထုတ်ပြောင်း၊ မြေထောက်ပဲ၊ ပဲပုပ်၊ ရာဘာ၊ တစ်ရှူးငှက်ပျောတို့ ဖြစ်ပါသည်။ အဆိုပါထွက်ကုန်များကို ပြည်တွင်းတင်ပို့ရောင်းဝယ်မှုအပြင် နယ်စပ်ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ အနေဖြင့် ရွှေ၊ ကျောက်စိမ်း၊ ပယင်းများ အဓိကထွက်ရှိပါသည်။ ကျောက်စိမ်းနှင့်ပယင်းကို ပြည်ပသို့ ကျောက်မျက်ရတနာပြပွဲများမှ တစ်ဆင့်ရောင်းချနိုင်ပြီး ကုန်သွယ်မှုကဏ္ဍသည် ယခုထက် ပိုမိုတိုးတက်လာနိုင်ပါသည်။ ကချင်ပြည်နယ်၏ အဓိက အချက်အလက်များမှာ-

| | |
|---|---|
| ဧရိယာ | ၃၄၇၉.၂၂ စတုရန်းမိုင် |
| လူဦးရေ | ၂,၀၄၀,၅၁၀ ( ၂၀၂၂- ၂၀၂၃ အရ) လူဦးရေသိပ်သည်းဆ - ၂၃/ စတုရန်း ကီလိုမီတာ |
| အိမ်ထောင်စုအရေအတွက် | ၂၆၉,၃၆၅ |
| ခရိုင်ပေါင်း | ၆ |
| မြို့နယ်ပေါင်း | ၁၈ မြို့နယ် |
| ပြည်နယ်မြို့တော် | မြစ်ကြီးနားမြို့ |
| လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး | ကျပ် ၁,၀၇၈,၁၃၃ (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အရ) |
| စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) | ကျပ် ၂,၃၁၀,၅၁၆.၉ သန်း (၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နှစ်အလိုက်ဈေးနှုန်းအရ) တစ်နိုင်ငံလုံး၏ ဂျီဒီပီ တွင် ပါဝင်မှုရာခိုင် နှုန်း ၁.၉ % |
| အဓိကလုပ်ငန်းများ | စိုက်ပျိုးရေး လုပ်ငန်း ၊ မွေးမြူရေး လုပ်ငန်း ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းလုပ်ငန်း ၊ ကုန်သွယ်ရေးနှင့် ကုန်စည် ပို့ဆောင်ရေး |

မှတ်ချက်။ လူဦးရေနှင့် အိမ်ထောင်စုစာရင်းမှာ ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၏၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မြို့ပြနှင့် ကျေးလက်လူဦးရေစာရင်းအရ ဖော်ပြခြင်းဖြစ်ပါသည်။

### ကချင်ပြည်နယ်အတွင်းရှိ MSMEs လုပ်ငန်းများ စာရင်းချုပ် (၂၀၂၃ ခုနှစ်၊ မတ်လထိ)

| စဉ် | ကဏ္ဍ | အရေအတွက် |
|---|---|---|
| ၁ | ထုတ်လုပ်မှုကဏ္ဍ | ၄၆၄ |
| ၂ | ရောင်းဝယ်ရေးကဏ္ဍ | ၂၃၅ |
| ၃ | ဝန်ဆောင်မှုကဏ္ဍ | ၁၀၄ |
| ၄ | အခြားကဏ္ဍ | ၄၄ |
| | **စုစုပေါင်း** | **၈၄၇** |

### နယ်စပ်ကုန်သွယ်ရေး

နယ်စပ်ကုန်သွယ်ရေး စခန်း (ဗန်းမော်)ကို ၁-၆-၁၉၉၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး နယ်မြေဒေသအခြေအနေ အရပ်ရပ်ကြောင့် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလတွင် လုပ်ငန်းရပ်ဆိုင်းခဲ့ပါသည်။၂၃-၈-၁၉၉၈ ရက်နေ့တွင် နယ်စပ်ကုန်သွယ်ရေး စခန်း (လွယ်ဂျယ်)ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ နယ်စပ်ကုန်သွယ်ရေးစခန်း (လွယ်ဂျယ်)သည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့မှ ၄၇ မိုင်ခန့် အကွာတွင်တည်ရှိပြီး ဗန်းမော်မြို့နှင့် ၅၆ မိုင်ကွာဝေးပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လုံချွမ်ခရိုင်၊ ယူနန်ပြည်နယ်၊ ကျန်းဖုန်းမြို့နယ်၊ လိုင်းရင်း ကျေးရွာနှင့် နယ်နိမိတ်ချင်း ၁ မိုင်ခန့် ထိစပ်လျက်ရှိပါသည်။

ကံပိုင်တည် ကုန်သွယ်ရေး စခန်းသည် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ကံပိုင်တည်မြို့၊ မြန်မာ-တရုတ် နယ်စပ်တွင် တည်ရှိကာ မြစ်ကြီးနားမြို့မှ ၈၈ မိုင်ကွာဝေးပြီး တရုတ်ပြည်နယ်စပ်မှ ၆ ဖာလုံခန့် အကွာတွင် တည်ရှိပါသည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ပေါက်စန်းခရိုင် ထိန်ချုံးမြို့နယ်နှင့် နယ်နိမိတ်ခြင်း ထိစပ်လျက်ရှိကာ နယ်စပ်မှထိန်ချုံးမြို့အထိ ၇၁ မိုင်ခန့် ကွာဝေးပါသည်။ ကံပိုင်တည် စခန်းအား အဆင့်မြှင့်တင် ဖွင့်လှစ်ပေးရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တစ်ဆင့် တင်ပြလာမှုကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ ဝန်ကြီးချုပ်ရုံးမှ ၂၀၀၉ ခုနှစ်၊ ဇွန်လ၂၇ ရက်နေ့တွင် ခွင့်ပြုမိန့်ထုတ်ပြန်ပေးခဲ့ပါသည်။ ထို့ကြောင့် ကံပိုင်တည် ကုန်သွယ်ရေးစခန်းအား ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် စခန်းအဖြစ် တရားဝင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါသည်။

### သစ်အချောထည် ထုတ်လုပ်မှုအခြေအနေ

ကချင်ပြည်နယ်သည် သဘာဝ တောတောင်ထူထပ်၍ အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှော တော၊ အင်တိုင်းတော၊ တောပေါ်တောနှင့် ထင်းရှူးတောဟူ၍ တောအမျိုးအစားစုံလင်လှသောဒေသဖြစ်ပါသည်။ သဘာဝပေါက်ပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သစ်ယာ၊ အင်ကြင်း၊ အင်၊ ကညင်၊ သတိ၊ ယမနေ၊ ထောက်ကြံ့၊ စကားဝါ၊ ကြေးလန်၊ ခလောင် စသည့် အဖိုးတန် သစ်မျိုးများအပြင် ဆေးဘက်ဝင် အပင်များ ဖြစ်သော မချစ်ဥ၊ ဂူရှား၊ အဆိပ်ဥ၊ ခန်းတောက်မြစ်၊ တောရှောက်မြစ်၊ သက်ယင်းကြီး၊ ပန်းမာလာ၊ ဆေးပိန်းဥ၊ ရှီးပတီး အစရှိသည့် ဆေးဘက်ဝင်အပင်များလည်း တွေ့ရှိရပါသည်။

ကချင်ပြည်နယ်အတွင်း စုဆောင်းရရှိသော သစ်ခွများ အနက် ဒေသတွင်းဖြစ်သော ပူတာအိုသစ်ခွ၊ မိုးလုံးမိုင်း၊ သစ်ခွနက်၊ ကျားမင်းသမီးသစ်ခွ၊ ဖဒလက်သစ်ခွ အစရှိသည့် သစ်ခွမျိုးပေါင်း ၁၀၆ မျိုး ရှိကြောင်းသိရှိရပါသည်။

ကချင်ပြည်နယ်၏ အသေးစား သစ်တောထွက် ပစ္စည်းများမှာ ထင်း၊ မီးသွေး၊ ရှားစေး၊ လျှော်၊ ကြိမ်၊ ဝါး၊ အင်တွဲ/ပွဲညက်၊ သစ်ခေါက်၊ သနပ်ခါး၊ ဖာလာစေ့၊ ပျားရည်၊ ဘုံမာရာဇာ တို့ဖြစ်ကြပါသည်။

မောင်ထွန်းကျော် (DICA)

## MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းများရရှိ

အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ MSMEs သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။ MSMEs လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့်အတွက် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ နိုင်ငံခြားဝင်ငွေရရှိရေး၊ နိုင်ငံခြားသုံးစွဲငွေလျှော့ချပြီး သွင်းကုန်အစားထိုးရေး၊ ပြည်တွင်းစားရေရိက္ခာ ဖူလုံရေးတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် အချက်များဖြစ်သည်။ သို့ဖြစ်၍ ပြည်တွင်းရှိ MSMEs လုပ်ငန်းများကို အားပေးကူညီပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပြည်ပပို့ကုန် တိုးမြှင့်ရေး၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရပေမည်။ MSMEs များသည် နိုင်ငံ၏စီးပွားရေးအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများစွာရှိသည်။ ၎င်းတို့သည် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အပံ့ပေးခြင်း၊ တီထွင်ဆန်းသစ်မှုကို မြှင့်တင်ပေးခြင်းနှင့် ဒေသဆိုင်ရာ စီးပွားရေးကို အားကောင်းစေခြင်းတို့တွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။

### အလုပ်အကိုင်၊အခွင့်အလမ်းများဖန်တီးပေးခြင်း

MSMEs များသည် အလုပ်အကိုင်၊ အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သော အဓိကအရင်းအမြစ် တစ်ခုဖြစ်သည်။ ၎င်းတို့သည် အသေးစား လုပ်ငန်းများမှသည် အလတ်စားလုပ်ငန်းများအထိ ကျယ်ပြန့်သော လုပ်ငန်းနယ်ပယ်များတွင် လုပ်ကိုင်လျက်ရှိပြီး လူငယ်များနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများကိုဖန်တီးပေးလျက်ရှိသည်။

### စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုခြင်း

MSMEs များသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျောရိုး မဏ္ဍိုင်ဖြစ်သည်။ MSMEs လုပ်ငန်းများမှာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှု ကဏ္ဍများတွင် ပါဝင်ဆောင်ရွက် လျက်ရှိပြီး နိုင်ငံ၏GDPတိုးတက်မှုအတွက် အထောက်အကူပြုသည်။

### ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုအထောက်အပံ့ပေးခြင်း

MSMEs များသည် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အတွက် အရေးပါသော လက်နက်တစ်ခုဖြစ်သည်။ MSMEs များမှာ ကျေးလက်ဒေသများနှင့် မြို့ပြများတွင် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် တစ်ဦးချင်းဝင်ငွေကို မြှင့်တင်ပေးပြီး ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးကို အထောက်အပံ့ပေးသည်။

### တီထွင်ဆန်းသစ်မှုကိုမြှင့်တင်ပေးခြင်း

MSMEs များသည် တီထွင် ဆန်းသစ်မှုအတွက် အရေးပါသောအရင်းအမြစ်တစ်ခုဖြစ်သည်။ ၎င်းတို့သည် သေးငယ်သောလုပ်ငန်းများ ဖြစ်သောကြောင့် စမ်းသပ်မှုများနှင့် ပြောင်းလဲမှုများကို လျင်မြန်စွာ ပြုလုပ်နိုင်ပြီး တီထွင် ဆန်းသစ်သော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ပေးနိုင်သည်။

### ဒေသဆိုင်ရာစီးပွားရေးကိုအားကောင်းစေခြင်း

MSMEs များသည် ဒေသတွင်းရှိ ကုန်ကြမ်းများကို အသုံးပြုခြင်း၊ ဒေသခံများကို အလုပ်ခန့်ထားခြင်းနှင့် ဒေသတွင်းရှိ စားသုံးသူများအတွက် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့ပေး ခြင်းဖြင့် ဒေသဆိုင်ရာ စီးပွားရေးကို အားကောင်းစေသည်။

ထို့အပြင် MSMEs များသည် နိုင်ငံ၏စီးပွားရေးကို ပိုမိုအားကောင်းစေရန်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး စီးပွားရေးကိုပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေခြင်း၊ စီးပွားရေးကို ပိုမို ကျယ်ပြန့်စေခြင်းနှင့် စီးပွားရေးကို ပိုမိုတည်ငြိမ်စေသည်။

သို့ရာတွင် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်မှုများနှင့် အခက်အခဲများစွာရှိနေသည်။ အဆိုပါ အခက်အခဲ များမှာ-

(က) **မတည်ရင်းနှီးငွေဆိုင်ရာအခက်အခဲ**။ MSMEs လုပ်ငန်းများအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို အရည်အသွေးမြှင့်မားရေး၊ တီထွင်ဆန်းသစ်မှု ရှိသော ထုတ်ကုန်အမယ်အသစ်များ ထုတ်လုပ်နိုင်ရေး၊ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် မတည်ရင်းနှီးငွေ လိုအပ်လျက်ရှိသည်။

(ခ) **နည်းပညာဆိုင်ရာအခက်အခဲ**။ လက်ရှိ အချိန်အခါသည် Digitalization အသွင်ကူးပြောင်းမှုကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့်

နည်းပညာဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်အပြင် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ် အဆင့်ဆင့်တွင် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများ၊ တီထွင်ဆန်းသစ်မှုဆိုင်ရာ နည်းပညာများ လိုအပ်လျက်ရှိသည်။

(ဂ) **ဈေးကွက်ရှာဖွေမှုအခက်အခဲ**။ MSMEs လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ရောင်းချဖြန့်ဖြူးရန် ပြည်တွင်း၊ ပြည်ပ ဈေးကွက်လိုအပ်ချက်မှာလည်း အခက်အခဲတစ်ခုဖြစ်သည်။

(ဃ) **စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ခြင်း**။ MSMEs လုပ်ငန်းများသည် အောင်မြင်စွာ လည်ပတ်နိုင်ရန်အတွက် စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားရန် လိုအပ်သည်။

(င) **အခြေခံအဆောက်အအုံ**။ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်မီး၊ လမ်းပန်းဆက်သွယ်ရေးနှင့်အခြားသော အခြေခံအဆောက်အအုံများ လိုအပ်ပါသည်။

လုပ်ငန်းရှင်များအနေဖြင့် မတည်ရင်းနှီးငွေ အခက်အခဲ၊ နည်းပညာဆိုင်ရာ အခက်အခဲ၊ ဈေးကွက်ချိတ်ဆက်မှုဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရချိန်တွင် အဆိုပါ အခက်အခဲများကို တစ်နေရာတည်းတွင် ဖြေရှင်းနိုင်သည့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်အနီး တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ မတည်ရင်းနှီးငွေ အခက်အခဲကို ဖြေရှင်းနိုင်မည့် ဘဏ်လုပ်ငန်းရှင်များအသင်း၊ နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်မည့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပြခန်း၊ ပြည်ပဈေးကွက် ချိတ်ဆက်မှု၊ စီးပွားရေးသံမှူးများနှင့် အွန်လိုင်းမှ ချိတ်ဆက် ဆွေးနွေးမှုကို ဆောင်ရွက်ပေးသည့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြည်တွင်း စီးပွားရေးဈေးကွက် ချိတ်ဆက်နိုင်မည့် ဂမုန်းပွင့် စသည့် ကုန်တိုက်ပေါင်း ၁၂ ခု၊ MSMEs ထုတ်ကုန်များကို အရည်အသွေး ပြည့်မီစွာ ထုတ်လုပ်နိုင်မည့် ခေတ်မီ စက်ကိရိယာ ပြခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဒေသအလိုက် ထုတ်ကုန် ပြခန်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ ပြုလုပ်ခဲ့သည်။ နည်းပညာ၊ အရည်အသွေး ဆိုင်ရာ နည်းပညာနှင့်ပတ်သက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြခန်းနှင့် Digital Conner ပြခန်းများတွင် နည်းပညာ ပံ့ပိုးရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန် တောင်းခံသူ ၅၀၊ နည်းပညာ ဝန်ဆောင်မှုနှင့် သင်တန်းပေးရန် တောင်းခံသူ ၂၁၀၊ တိကျ မှန်ကန်စွာ တိုင်းတာမှု၊ မြန်မာ စံချိန်စံညွှန်းနှင့် လက်မှတ် ရယူနိုင်ရေး ကိစ္စ ဆွေးနွေးမေးမြန်းသူ ၉၂ ဦး ရှိခဲ့ကြောင်း သိရသည်။

ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ စီးပွားရေးသံမှူးများနှင့် အွန်လိုင်းမှ ချိတ်ဆက်ဆွေးနွေးမှုကို ဆောင်ရွက်ပေးသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Business Matching ပြခန်းများတွင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ MSMEs လုပ်ငန်းရှင်များမှ စီးပွားရေးချိတ်ဆက် ဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြပြီး မွန်ပြည်နယ် MSMEs လုပ်ငန်းများမှ ချိတ်ဆက်ဆွေးနွေးမှု အနေဖြင့် အိန္ဒိယနိုင်ငံနှင့် ချိတ်ဆက်မှု နှစ်ဦး၊ တရုတ်နိုင်ငံနှင့်ချိတ်ဆက်မှု နှစ်ဦး၊ ရုရှားနိုင်ငံနှင့် ချိတ်ဆက်မှု တစ်ဦး၊ စင်ကာပူနှင့် ချိတ်ဆက်မှု တစ်ဦး၊ ဂျပန်နိုင်ငံနှင့် ချိတ်ဆက်မှု တစ်ဦး၊ ထိုင်းနိုင်ငံနှင့် ချိတ်ဆက်မှုတစ်ဦး၊ ကိုရီးယားနိုင်ငံနှင့် ချိတ်ဆက်မှုတစ်ဦး၊ဗီယက်နမ်နိုင်ငံနှင့် ချိတ်ဆက်မှု တစ်ဦး၊ စုစုပေါင်း နိုင်ငံပေါင်း ရှစ်နိုင်ငံနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မွန်ပြည်နယ် MSMEs လုပ်ငန်းများမှ ပြည်တွင်း ဈေးကွက်များဖြင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရှိရသည်။ လျှပ်စစ်မီး ရရှိရေး အခက်အခဲများကို ဖြေရှင်းနိုင်ရန် MSME လုပ်ငန်းရှင်များ အနေဖြင့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ကို အသုံးပြုသင့်သည်။ နိုင်ငံတော်အနေဖြင့်လည်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင် (Renewable Energy) ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ထုတ်ကုန် ပြိုင်ပွဲကိုလည်း ထည့်သွင်း ကျင်းပပြုလုပ်ခဲ့ရာ ပါဝင်ယှဉ်ပြိုင်သူ ၁၉၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုအမျိုးအစား ခုနစ်မျိုး၊ ဆုပေါင်း ၆၃ ဆု ချီးမြှင့်ခဲ့ရာ အဆိုပါ ဆုချီးမြှင့်ခြင်းကို Digital အသွင်ကူးပြောင်းမှုကို လက်တွေ့

ကျကျ ဆောင်ရွက်သည့်အနေဖြင့် Digital နည်းပညာဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဆုရွေးချယ်ရာတွင် စံသတ်မှတ်ချက် (Criteria) ၁၀ ချက်အပေါ် အခြေခံပြီး ရွေးချယ်ခဲ့ရာ အဆိုပါ စံသတ်မှတ်ချက်များ အနက်မှ အချို့မှာ ကုန်ပစ္စည်း ထုတ်လုပ်ရာတွင် ဒေသတွင်း ကုန်ကြမ်း ပစ္စည်းအသုံးပြုမှု၊ ဒေသတွင်း အလုပ်အကိုင် ဖန်တီး ပေးနိုင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်နိုင်မှု၊ ပြည်တွင်း/ ပြည်ပဈေးကွက် ချဲ့ထွင်ရေးအစီအစဉ်၊ လုပ်ငန်းဆိုင်ရာ အသိအမှတ်ပြု လက်မှတ်များ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကဏ္ဍများ ပါဝင်မှု၊ စီးပွားရေး အသွင်ကူးပြောင်းမှုတွင် လိုက်ပါဆောင်ရွက်နိုင်မှု၊ စွမ်းအင်ချွေတာရေးနှင့် ဂေဟစနစ်ထိန်းသိမ်းသောစွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု၊ အစိမ်းရောင်ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုနှင့်Circular Economy ကျင့် သုံးဖော်ဆောင်မှု စသည့် အချက်များအပေါ် အခြေခံရွေးချယ်ခဲ့ကြောင်းသိရှိရသည်။

ထိုသို့ Criteria သတ်မှတ်ခြင်းကြောင့် MSME ထုတ်ကုန်ပြိုင်ပွဲဝင်လုပ်ငန်းရှင်များ အနေဖြင့် မိမိတို့ ထုတ်ကုန်များကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရန် Digital အသွင်ကူးပြောင်းရန်၊ စွမ်းအင်ချွေတာရန်၊ Circular Economy ကျင့်သုံးရန် ကြိုးစား ဆောင်ရွက်ထားကြကြောင်း သိရှိရသည်။

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSMEs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ MSMEs ဖွံ့ဖြိုး တိုးတက်ရေးအတွက် မတည် ရင်းနှီးငွေ ချိတ်ဆက်မှု၊ နည်းပညာဆိုင်ရာချိတ်ဆက်မှု၊ ပြည်တွင်း/ ပြည်ပဈေးကွက် ချိတ်ဆက်မှုနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ One Stop Services များကို ရယူ ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရှိရသည်။

သို့ဖြစ်၍အဆိုပါ ပြပွဲကြီးသည် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည့် ပြပွဲတစ်ခုဖြစ်ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ခုဆိုလျှင်လည်း မှားမည်မထင်ပါ။ ယခုကဲ့သို့ MSMEလုပ်ငန်းများအတွက် One Stop Services ကို ရရှိနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် MSME ထုတ်ကုန်များသည် အရည်အသွေးမြင့်မားပြီး ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရှိသော၊ ပြည်ပဈေးကွက် ချဲ့ထွင်နိုင်သော ထုတ်ကုန်များ ပိုမို ထုတ်လုပ်လာနိုင်ပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကောင်းသော စီးပွားရေးမဏ္ဍိုင်တစ်ခုဖြစ်လာမည်ဟု ယုံကြည်မိပါသည်။

မိုးမိုး(မွန်)

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ

ပြည်ပဆန်ဈေးကွက် သတင်းအနေဖြင့် ဘာစမာတီဆန်၏ မူလ ဇာစ်မြစ်ဒေသနှင့် စပ်လျဉ်း၍ နိုင်ငံတကာ အငြင်းပွားမှုဖြစ်ပေါ်လျက်ရှိရာတွင် ဘာစမာတီဆန်သည် ပါကစ္စတန် နိုင်ငံ၏ ထုတ်ကုန်ဖြစ်သည်ဟု နယူးဇီလန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့က တရားဝင် အသိအမှတ်ပြုခဲ့ရာ ကမ္ဘာ့ဈေးကွက်၌ ပါကစ္စတန် ဘာစမာတီဆန်၏ ရပ်တည်နိုင်မှုအား ပိုမိုခိုင်မာစေသည့် အောင်ပွဲတစ်ရပ်ရရှိခဲ့သည်ဟု သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်ကို သိရှိရသည်။ ဥရောပသမဂ္ဂသည်လည်း ပါကစ္စတန်နိုင်ငံအား မျက်နှာသာပေးမည့် အလားတူ ဆုံးဖြတ်ချက်ကို မကြာမီ ချမှတ်လိမ့်မည်ဟု မျှော်လင့်ရကြောင်း၊ သမိုင်းမှတ်တမ်းများအရ ဘာစမာတီဆန်၏ မူလအစသည် ပါကစ္စတန်နိုင်ငံမှဖြစ်ပြီး ၎င်း၏ တောင်းဆိုပိုင်မှု အခွင့်အရေးကို အတည်ပြုနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံသည်လည်း ဘာစမာတီဆန်အား တစ်ဦးတည်း ပိုင်ဆိုင်ခွင့်ရှိသော ပင်ရင်း ဒေသအဖြစ် တောင်းဆို လျက်ရှိကြောင်း၊ သို့သော် ကုန်သည်များနှင့် ကျွမ်းကျင်ပညာရှင်များက ပါကစ္စတန်နိုင်ငံဘက်မှ ခိုင်မာစွာထောက်ခံခဲ့ကြကြောင်း သိရှိရသည်။ ယခုကဲ့သို့ အသိအမှတ်ပြုမှုခံရခြင်းသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၇ ဘီလီယံရှိသော ကမ္ဘာ့ဘာစမာတီဆန်ဈေးကွက်တွင် ပါကစ္စတန်နိုင်ငံ၏ အခန်းကဏ္ဍကို ပိုမိုအားကောင်း စေမည်ဖြစ်သည်။ ဘာစမာတီဆန် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဘီလီယံအထိ ရောက်ရှိမှုနှင့်အတူ ပါကစ္စတန်နိုင်ငံ အနေဖြင့် ကမ္ဘာ့ ဘာစမာတီဆန်ဈေးကွက်၌ ဦးဆောင်ပါဝင်လျက်ရှိကြောင်း သိရှိရသည်။ ပထဝီဒေသဆိုင်ရာ ရပိုင်ခွင့်များနှင့် နိုင်ငံတကာ ဥပဒေများက ပါကစ္စတန်နိုင်ငံ၏ တောင်းဆိုမှုကို အကာအကွယ်ပေးလျက်ရှိကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ၎င်း၏ စိုက်ပျိုးရေးဆိုင်ရာ အမွေအနှစ်မှ အကျိုးကျေးဇူးများကို ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောဆိုထား

ကြောင်း သိရှိရသည်။ ဘာစမာတီဆန်၏ ပင်ရင်းဒေသမူပိုင်ခွင့် ဆိုင်ရာ အငြင်းပွားမှု ဆက်လက်ဖြစ်ပေါ်နေချိန်၌ ယခုကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းသည် ပါကစ္စတန်နိုင်ငံ၏လယ်သမားများနှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် ကြီးမားသော အောင်ပွဲတစ်ရပ် ဖြစ်ပြီး ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ပေးမှုအပြင် စိုက်ပျိုးရေးအမွေအနှစ်ကိုလည်း အကာအကွယ်ပေးနိုင်ကြောင်း သိရှိရသည်။

ပြည်တွင်းဆန်ဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၏ ဆန်ဈေးကွက် (လက်ကားဈေး) တွင် ပေါ်ဆန်းနယ်စုံ (အဟောင်း) (ဖျာပုံ၊ မြောင်းမြ၊ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်း(အဟောင်း) ဆန်တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန်ဆန် တစ်အိတ်လျှင် ကျပ် ၆၄၀၀၀ မှ ၆၅၀၀၀ ကြားနှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၆၅၀၀၀ မှ ၆၇၀၀၀ ကြား ပေါက်ဈေးရှိကြောင်းသိရှိရသည်။

ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၉၁၂၂၀၃ ဒသမ ၆၁၁ ပိုမိုတင်ပို့ခဲ့ပြီး ဧည့်မထဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် စသည့် အမျိုးအစားတို့ တင်ပို့ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၆၀သန်းကျော်ပိုမိုရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဖေဖော်ဝါရီလ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော တစ်အိတ်လျှင် ၂၇၅ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၂၁ ကျပ်နှုန်း ရှိသောကြောင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀ ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ- ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖြစ်ပေါ်နေသောဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၁၃၃ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ကျိုင်းတုံမြို့တွင် ကျပ် ၅၂၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့နှင့် ပဲခူးမြို့တို့တွင် ဧည့် မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ဖော်ပြချက်အရ ယခု တစ်ပတ်တွင် ကမ္ဘာ့ဆန် ဈေးနှုန်းမှာယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၅ ဒသမ၂၇ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိကြောင်းသိရှိရသည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ထိုင်းနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ၊ ဗီယက်နမ် နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံ၏ ဆန် ဈေးနှုန်းများမှာ ၅ ဒေါ်လာမှ ၁၃ ဒေါ်လာနှင့် အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ တစ်ဒေါ်လာမှ သုံးဒေါ်လာကျဆင်းမှုရှိပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုများမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်းကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

# MIFER

# သတင်းကဏ္ဍ

**MIFER BULLETIN**

**1/2025**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ဘယ်လာရုစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရှူဇန်ကော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီး ညိုစောဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင်ရှူဇန်ကော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ ကြာသပတေး နေ့၊ ၁၀ ၃၀ နာရီ အချိန်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်ရှိ ရုံး အမှတ် (၁) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့ အကြား ဖွံ့ဖြိုးမှုပူးပေါင်း ဆောင်ရွက်ရန်အတွက် ပူးတွဲ ဆောင်ရွက်ရေးဆိုင်ရာ ရည်ရွယ်သည့် စာလွှာလက်မှတ် ရေးထိုးရေးကိစ္စ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလား အလာများနှင့် ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်များဖြစ် သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ကဏ္ဍ၊ တန်ဖိုးမြှင့် လူသုံးကုန်/ စားသောက်ကုန် ထုတ်လုပ်ရေး ကဏ္ဍ၊ လျှပ်စစ်၊ စက်မှုနှင့် မော်တော်ယာဉ် ထုတ်လုပ်ရေး ကဏ္ဍနှင့် ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်း ထုတ်လုပ်ရေး ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဘယ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးက ဆွေးနွေးရာတွင်ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကုန်သွယ်ရေး မူဝါဒများကျင့်သုံးရာတွင် နှစ်ဖက်အပြန်အလှန် အကျိုးရှိ သော ကုန်သွယ်/ စီးပွားမူဝါဒများကို ကျင့်သုံးလျက်ရှိပါ ကြောင်း၊ မြန်မာနိုင်ငံတွင် နို့နှင့် နို့ထွက် ပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်း၌ လာရောက် ရင်းနှီးမြှုပ်နှံရေး၊ သဘာဝဓာတ်ငွေ့မှ ဓါတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်း များ၊ ဆေးနှင့်ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရာတွင် လူသုံး ဆေးဝါးအပြင် တိရစ္ဆာန် ကုသရေးဆိုင်ရာ ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာ-ဘယ်လာရုစ် နှစ် နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင် ရွက်မှု ပူးတွဲကော်မတီအစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ် ရာတွင် နည်းပညာများ လွှဲပြောင်းနိုင်ရေးအတွက် သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုအပြီးတွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးမည့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန်အတွက် ပူးတွဲဆောင်ရွက် ရေးဆိုင်ရာ ရည်ရွယ်သည့်စာလွှာကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်နှင့် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဆိုင်ရာ ညွှန်ကြား ရေးမှူးချုပ် မစ္စတာဒမစ်ထရီမီရွန်ချစ်ခ်တို့က လက်မှတ် တို (Initial) ရေးထိုးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး နှစ်နိုင်ငံ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ် ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီး ဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန များမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြောင်း သိရှိရသည်။



## ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ ကျင်းပ ခဲ့ပါသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံ မှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ တော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီး များတက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ကိုဗစ် ၁၉ ချေးငွေ ကျပ်ဘီလီယံ ၂၀၀ မှ နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေသို့ ကျပ် ၅၀ ဘီလီယံနှင့် အထွေထွေပိုလျှံ ရန်ပုံငွေမှ ထုတ်ပေးထား သည့် ကျပ် ၁၅၀ ဘီလီယံ မှ ကျပ် ၆၈ ဘီလီယံ၊ စုစုပေါင်း ကျပ် ၁၁၈ ဘီလီယံကို ပြန်လည်ကောက်ခံပြီးစီးမှုနှင့် နိုင်ငံတော်သို့ ငွေပြန်လည်ပေးသွင်းမှု အခြေအနေ၊ ချေး ငွေများ ပြန်လည်ပေးဆပ်ရန် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်ထုတ်ပြန် ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ပြန်လည်ပေးဆပ်ဆဲနှင့် ပေးဆပ်ရန် ကျန်ရှိနေသည့် ချေးငွေများကို စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် ဆောင်ရွက် နိုင်မည့် အခြေအနေများကို ပြောကြားဆွေးနွေးသည်။

ထို့အပြင် ကိုဗစ် ၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများမှာလည်း ၂၀၂၅ ခုနှစ်အတွင်း ခွင့်ပြုပေးထားသည့် ချေးငွေ သက်တမ်း ပြည့်မြောက်တော့မည်ဖြစ်၍ ပြန်လည်ပေးဆပ် ရန် ကြိုတင်အသိပေး အကြောင်းကြားစာ ထုတ်ပြန် အကြောင်းကြားရေး ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာ နိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီက နိုင်ငံတော်သို့ ချေးငွေပြန်လည် ပေးသွင်းခဲ့မှု အခြေအနေ၊ ချေးငွေများ ပြန်လည်ကောက်ခံ ရရှိမှု အခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ချေးငွေကောက်ခံပေးသွင်းရန် ကျန်ရှိမှုအခြေအနေ၊ မြန်မာ့ စီးပွားရေးဘဏ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ချေးငွေစိစစ် ကြပ်မတ်ရေးအဖွဲ့များနှင့် ပုဂ္ဂလိကဘဏ်များမှ ချေးငွေ ကောက်ခံပေးသွင်းရန် ကျန်ရှိမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများ က ချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက် ထားရှိမှု အခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည် ကောက်ခံရရှိရေး အစီအစဉ်နှင့် နိုင်ငံ့ဘဏ္ဍာ ရန်ပုံငွေများ ကို လေလွင့်ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်း ဆောင်ရွက်မှု အခြေအနေတို့အား ညှိနှိုင်းဆွေးနွေး အကြံပြု တင်ပြခဲ့ပါကြောင်း သတင်းရရှိပါသည်။




## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့် အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့၊ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော် ၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS) တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစီအစဉ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒိန်းမတ်အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ ပို့ဆောင်ရေးနှင့် မိတ်ဖက်များဆိုင်ရာ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer နှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့်ဒိန်းမတ်အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ ပို့ဆောင်ရေးနှင့် မိတ်ဖက်များဆိုင်ရာ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer နှင့် ကိုယ်စားလှယ်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့၊ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် UNOPS က မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့်အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်

မြန်မာနိုင်ငံ၏ အာဆီယံလွတ်လပ်သော ဒေသကောင်စီ ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာစေ့စပ်ညှိနှိုင်းမှုများနှင့်စပ်လျဉ်းသည့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် စင်ကာပူနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့်စက်မှု ဝန်ကြီးဌာန၊ ဝန်ကြီး H.E. Gan Kim Yong က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဝန်ကြီးများက ၂၀၂၅ ခုနှစ်၊ မတ်လ၌ အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းညှိနှိုင်းမှုများအပြီးသတ်နိုင်ရေးအတွက် လမ်းညွှန်ချက်ပေးရန် ကိစ္စရပ်များနှင့် အာဆီယံ ကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ် ဒုတိယအခြေပြစာချုပ် ချုပ်ဆိုရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များအပေါ် ဆွေးနွေးညှိနှိုင်းခဲ့သည်။ အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ၂၀၂၂ ခုနှစ်၊ မတ်လတွင်စတင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ မတ်လတွင် အပြီးသတ်ရန် အာဆီယံနိုင်ငံများက ရည်မှန်းထားသည်။

အစည်းအဝေးသို့ အာဆီယံအဆင့်မြင့် စီးပွားရေး အရာရှိဖြစ်သူ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမာလာမျိုးညွန့်နှင့် တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့သည်။



## ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန်အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ The Times Group ၏ ဖိတ်ကြားချက်အရ (၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ပထမအတွင်းဝန်များဖြစ်ကြသည့် Mr.Amit Shreeansh နှင့် Mr.Ashok Kumar တို့အပြင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်လည်း ခရီးစဉ်တွင် လိုက်ပါသွားသည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့ အထိကျင်းပမည် ဖြစ်ပြီး နိုင်ငံတကာမှ အဆင့်မြင့်အရာရှိကြီးများ၊ မူဝါဒချမှတ်သူများနှင့်စီးပွားရေး ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။



## ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပသည့် (၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခြင်း

အိန္ဒိယနိုင်ငံ၊ The Times Group ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသည့် (၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲကို ကမ္ဘာ့စီးပွားရေး စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ဆွေးနွေးနိုင်ရန်၊ ရေရှည်တည်တံ့သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာများ ထုတ်ဖော်ရန်၊နည်းပညာနှင့် ဒီဂျစ်တယ်အသွင် ကူးပြောင်းမှုများကို မြှင့်တင်ရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလအတွင်း ကြံ့ကြံ့ခိုင် ဆောင်ရွက်နိုင်မှုမှစ၍ စက်မှုလုပ်ငန်း ၅.၀ ပေါ်ထွက်လာသည့် အခြေအနေများ၊ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးမူဝါဒ ပြောင်းလဲမှုများ၊ စွမ်းအင်လုံခြုံရေးနှင့် အနာဂတ် အလုပ်အကိုင် အခွင့်အလမ်း အခြေအနေများကို နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ ထင်ပေါ် ကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ကမ္ဘာ့စီးပွားရေး ခေါင်းဆောင်များက ကဏ္ဍအလိုက် တက်ကြွစွာ ဆွေးနွေးပြောကြားခဲ့ကြသည်။

ထိပ်သီးဆွေးနွေးပွဲ၏ ပထမနေ့ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်အယ်ဘေးနီးယားနှင့်သီရိလင်္ကာ နိုင်ငံများမှ စီးပွားရေးနှင့် စက်မှုဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ **“Global Cooperation in a Polarized World”** ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်း ဆွေးနွေးပွဲတွင် စကားဝိုင်းဆွေးနွေးသူ Panelist အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးအနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့်

ကမ္ဘာ့စီးပွားရေး အခင်းအကျင်းများ၊ ပြောင်းလဲလာနိုင်ချေရှိသည့် စီးပွားရေးဆိုင်ရာ မူဝါဒများ၊ ရေရှည်တည်တံ့ပြီး ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေမည့် စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရန် အရေးကြီးသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများကို အားပေးဖိတ်ခေါ်နေသည့် အခြေအနေများကို အလေးထားပြောကြားခဲ့သည်။

ညပိုင်းတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ နာရင်ဒြာမိုဒီကငှင်းတို့၏ စီးပွားရေးမဟာဗျူဟာ မျှော်မှန်းချက်များကို ထုတ်ဖော်ပြောကြားသည့် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအတွက် တည်ခင်း ဧည့်ခံသည့် ကြိုဆိုဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့အပြင်ပြည်ထောင်စုဝန်ကြီးနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့က ထိပ်သီးဆွေးနွေးပွဲ အခမ်းအနား၏ ဒုတိယနေ့ အစီအစဉ်များသို့ ဆက်လက် တက်ရောက်ခဲ့ပါသည်။ နှစ်ရက်တာ ကျင်းပခဲ့သည့် အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေး ကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် (၉) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ မွန်းလွဲပိုင်း တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းမင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်တို့လည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်းသတင်းရရှိသည်။




**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ဆဋ္ဌမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပျော်ရွှင်စွာ စုပေါင်းပါဝင်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ထမနဲထိုးပြိုင်ပွဲသည် မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပခြင်း ဖြစ်ပြီး ဝန်ထမ်းများအကြား ချစ်ကြည်ရင်းနှီးမှု၊ ပျော်ရွှင်မှု၊ စုပေါင်းညီညွတ်မှုတရားမျှတစွာယှဉ်ပြိုင်တတ်မှု၊ သန့်ရှင်းသပ်ရပ်မှုတို့ကို ဖော်ဆောင်သည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ထမနဲထိုးပြိုင်ပွဲသည် မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များတွင်ပါဝင်ပြီး ကောက်ဦးပေါ်ချိန်၌ မြို့ပြနှင့် ကျေးလက်ဒေသများတွင် ရိုးရာအစဉ်အလာနှင့်အညီ ဆောင်းအကုန်နွေအကူး တပို့တွဲလတွင် ကျင်းပပြုလုပ်လေ့ရှိကြောင်း၊ ဝန်ကြီးဌာန၏ ထမနဲထိုးပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများက ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အပြန်အလှန် ညီညွတ်မှုတည့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ပါဝင်ယှဉ်ပြိုင်ကြ

စေရုံသာမက အထူးသဖြင့် အမြဲတမ်းထိန်းသိမ်းစောင့်ရှောက်သွားရမည့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် မြန်မာ့ရိုးရာဓလေ့ကို ပိုမိုသိမြင်လာစေရေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှပြိုင်ပွဲဝင်အသင်းများကအားကြိုးမာန်တက် ယှဉ်ပြိုင်ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများကလည်း အိုးစည် ဒိုးပတ်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုတီးခတ်၍ အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆုရရှိသည့် အသင်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။



**ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးသို့ တက်ရောက်မည့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသငြိကော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တည်ခင်းဧည့်ခံသည့် ကြိုဆိုညစာစားပွဲကျင်းပ**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသငြိကော့ဗ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ဂုဏ်ပြုညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းဧည့်ခံခဲ့ပါသည်။

ညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့က ဂုဏ်ပြုတက်ရောက်ခဲ့သည်။

ထို့ပြင် ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲ အာဇီဇော့ဗ် နှင့်သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အဆင့်မြင့်အရာရှိကြီးများနှင့် နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။



အဆိုပါ ညစာစားပွဲတွင် ရုရှား-မြန်မာ အစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု

ဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ရုရှားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးက နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး ညစာစားပွဲသို့ တက်ရောက်လာသူများက မြန်မာ-ရုရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန် မြင့်တင်နိုင်ပြီး အစွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းခဲ့ကြောင်း သတင်းရရှိသည်။

## ပဉ္စမအကြိမ် မြန်မာ- ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးကျင်းပ

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန် ရည်ရွယ်၍ ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးကို ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများ ဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး မစ္စတာမက်ဆင်းရယ်ရှဲသငြိကော့ဗ် တို့က ဦးဆောင်၍ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်၀၉ ၀၀နာရီတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါကော်မရှင်အစည်းအဝေးကို သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီ အစည်းအဝေး၊ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားနှင့် စီးပွားရေးဖိုရမ် တို့ဖြင့် အပိုင်း ၄ ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့သည်။

ကော်မရှင်အစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့်ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့က အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအဖြစ် တက်ရောက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရ အချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်၏ ပူးတွဲဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အိစ်ကန်ဒဲအာဇီဇော့ဖ် တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားခဲ့သည်။

မြန်မာဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာ စကားပြောကြားရာတွင်ပဉ္စမအကြိမ်ကော်မရှင်အစည်းအဝေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ မြန်မာ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဆက်ဆံရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့် အချိန်မှစပြီး အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးမူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂ - Eurasian Economic Union (EAEU) နှင့် ပူးပေါင်းကာ ဥရောပဈေးကွက်သို့ ဝင်ရောက်နိုင်ပြီး ရုရှားနိုင်ငံအနေဖြင့်လည်း အာရှဈေးကွက်သို့ ပိုမိုချဲ့ထွင်နိုင်မည့် အခွင့်အလမ်းများ ရှိပါကြောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေးနှင့်ခေတ်မီစက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် ရုရှားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာ စေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲလျက်ရှိကြောင်း၊ ယခု

အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များနှင့် သဘောတူညီချက်များမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာ အားကောင်းလာပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ကာ နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများအား ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ရုရှားဘက်မှ ပူးတွဲကော်မရှင်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ မက်ဆင်းရယ်ရှဲသပြင်ကော့ဗ်က အဖွင့်အမှာစကား ပြောကြားရာတွင် စတုတ္ထအကြိမ် ကော်မရှင် အစည်းအဝေးကျင်းပ ပြီးနောက်ပိုင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား သိသာထင်ရှားသော ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုသာမက အခြေခံအဆောက်အအုံ စီမံကိန်းများ၊ ဘဏ်လုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့စီးပွားရေး လုပ်ငန်းများကိုလည်း ရုရှားဈေးကွက်က ကြိုဆိုလျက်ရှိကြောင်း၊အစည်းအဝေးအပြီးတွင်ကော်မရှင်၏ ဆွေးနွေးမှုမှတ်တမ်းအား အတည်ပြုလဲလှယ်မည်ဖြစ်ပြီး နှစ်နိုင်ငံပူးပေါင်းမှုများအတွက် စည်းမျဉ်းမူဘောင်များ ချမှတ်ကာ လက်တွေ့ကျသည့် လုပ်ငန်းများအား ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရုရှား-မြန်မာ စီးပွားရေးဖိုရမ်ကိုလည်း ဆက်လက် ကျင်းပကာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း ဆက်သွယ်မှုကွန်ရက်အား တိုးချဲ့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲအာဇီဇော့ဗ်က ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရုရှား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ၇၇ နှစ်ပြည့် မြောက်ခဲ့ပြီး ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် နယ်ပယ်စုံပူးပေါင်းမှုများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ခေါင်းဆောင်များ၏ တွေ့ဆုံမှုက ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်စေခဲ့ပြီး လုပ်ငန်းများ ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထပ်မံတွေ့ဆုံဆွေးနွေးနိုင်ရန် မျှော်လင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၊ဥရောပအာရှစီးပွားရေးသမဂ္ဂတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာ-ရုရှား ကုန်သွယ်မှု ပမာဏတိုးမြှင့်ရေးအတွက် စွမ်းအင်၊ နျူကလီးယားနယ်ပယ်၊ စိုက်ပျိုးရေးနှင့် သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အစီအစဉ်အရ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ မြန်မာဘက်မှ ကော်မရှင်ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တို့ကလည်းကောင်း၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌနှင့် ရုရှားဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌတို့က လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြခဲ့သည်။

ပဥ္စမအကြိမ်ကော်မရှင်အစည်းအဝေးတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင် ရွက်မှုကို ပံ့ပိုးပေးနိုင်မည့် ဥပဒေမူဘောင်များ၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ဘူမိဗေဒဆိုင်ရာ လေ့လာရှာဖွေမှု၊ ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အဏုမြူ စွမ်းအင်အသုံးပြုမှု၊ ပို့ဆောင်ရေး၊ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေး နည်းပညာနှင့် သတင်းမီဒီယာ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေး၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေး၊ သိပ္ပံနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ယဉ်ကျေးမှုနှင့် အားကစား၊ အလုပ်သမား၊ ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့်အာကာသစူးစမ်းရှာဖွေရေးနှင့် အသုံးပြုရေး၊ Circular Economy နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များပါဝင်သည့် ဆွေးနွေးမှုမှတ်တမ်းကို ကော်မရှင် ပူးတွဲဥက္ကဋ္ဌများက အတည်ပြုလဲလှယ်ခဲ့ပြီး ပဥ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့သည်။

မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံသဘောတူစာချုပ်စာတမ်းများလက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဆက်လက် ကျင်းပခဲ့ရာ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ၊ ဘဏ်လုပ်ငန်း၊ ပညာရေး၊ ဆက်သွယ်ရေး၊ နည်းပညာနှင့် လူသားချင်း


စာနာ ထောက်ထားမှုဆိုင်ရာ စာချုပ်စာတမ်း ၉ ခုကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး လဲလှယ်ခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များအကြား စီးပွားရေးဖိုရမ်ကို ကော်မရှင် ပူးတွဲဥက္ကဋ္ဌများက ဦးဆောင်ကျင်းပခဲ့ပြီး အဖွင့်အမှာစကားများ အသီးသီး ပြောကြားခဲ့သည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲ ၃ ခုကို သတ်မှတ် နေရာများတွင်ကျင်းပရာ စကားဝိုင်းဆွေးနွေးပွဲ ၁ အဖြစ် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စကားဝိုင်း၊ စကားဝိုင်းဆွေးနွေးပွဲ ၂ အဖြစ် ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုဆိုင်ရာ စကားဝိုင်းနှင့် စကားဝိုင်းဆွေးနွေးပွဲ ၃ အဖြစ် အလုပ်သမား ကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းကို ဆက်လက်ကျင်းပကြပြီး နှစ်နိုင်ငံအစိုးရဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက တက်ကြွစွာပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါ ပဉ္စမအကြိမ် မြန်မာ-ရုရှား အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေး ဆိုင်ရာ ကော်မရှင်အစည်းအဝေး၌ သီးသန့်အစည်းအဝေး၊ မျက်နှာစုံညီ အစည်းအဝေး၊ လက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် စီးပွားရေးဖိုရမ်တို့သို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နှစ်နိုင်ငံ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မြန်မာ-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၅၀၀ ဦး ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။






## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ်ဖြစ်သူ Mr. Jaime Nadal Roig အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့၊ နေ့လယ်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၊ နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) တို့အကြား ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ UNFPA ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁)၊ နေပြည်တော်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့် အရာရှိကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် အဓိက အခြေခံအုတ်မြစ် ဖြစ်သောကြောင့် နိုင်ငံသားတိုင်း သိရှိလိုက်နာ စောင့်ထိန်းရမည့်ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အလိုက် ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်များနှင့် ဆက်စပ်ပြီး ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေအသိပညာများကို သိရှိရန် လိုအပ်ရုံသာမက ဥပဒေဆိုင်ရာ သဘောတရားများသိရှိနားလည်ပြီး လေးစားလိုက်နာတတ်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ "**ဥပဒေကို မသိ၍ ကျူးလွန်ခဲ့သည်**" ဟူသော အဖြစ်မျိုး မဖြစ်စေရေးအတွက် နိုင်ငံသားတိုင်းဥပဒေနှင့်စပ်လျဉ်းသည့်အသိပညာဗဟုသုတရှိစေရန် လိုအပ်သည့်အတွက် အခြေခံအားဖြင့် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များကိုသိရှိစေရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုသင်တန်းတွင် နိုင်ငံသားတိုင်း၊ နိုင်ငံ့ဝန်ထမ်းတိုင်း သိသင့်သိထိုက်သောဥပဒေများဖြစ်ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြစ်မှု

ဆိုင်ရာဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအပြင် မိမိတို့ဝန်ကြီးဌာန လုပ်ငန်းများနှင့် ဆက်နွယ်နေသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများ၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေ၊ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ စသည်တို့အပါအဝင် ဥပဒေဘာသာရပ် ၂၄ ခုကို အသိပညာပြန့်ပွားစေရေး သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကို ဖေဖော်ဝါရီလ ၂၈ ရက်မှ ဧပြီလ ၈ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦးအား (In person/ Online) စနစ်ဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

## အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်မည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ် - ၂၀၂၅ ကို ကျင်းပ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး)၏ အစီအစဉ်ဖြင့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ (Yangon Investment Forum-2025) ကို ၂၀၂၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၊ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဖိုရမ်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ထုတ်ပေးရန်၊ ပြည်တွင်း အငယ်စား၊ အသေးစား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများအကြား ဆက်သွယ်ချိတ်ဆက် လာနိုင်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်၏ ဆောင်ပုဒ်မှာ **“Sustainable Growth, Smart Investment: The Future of Yangon” “စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု၊ ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုနှင့် ရန်ကုန်၏အနာဂတ်”** ဟူ၍ ဖြစ်သည်။

ပထမဦးစွာ ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်-၂၀၂၅ ၏ အခမ်းအနားကို မြန်မာ့ရိုးရာ ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်တို့က မင်္ဂလာမောင်းကို တီး၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးကျော်ဒေဝနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးတို့က အမှာစကားများ အသီးသီး ပြောကြားကြသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် **“ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးမောင်းနှင်မှုအတွက် အရေးပါသော ဒေသတစ်ခု ဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးဒေသများထဲမှ တစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများနှင့် ချိတ်ဆက်မှုရရှိပြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအပေါ် ထိရောက်စွာ ပံ့ပိုးပေးနိုင်သည့် လုပ်ငန်း (Supporting Industries) များအဖြစ် ချိတ်ဆက်မှုများရရှိကာ ထုတ်လုပ်မှု ကွင်းဆက်ကောင်းများ ဖြစ်ပေါ်လာရန်လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများ၏ ပံ့ပိုးကူညီမှုများသည် အရေးကြီးပါသဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ ကူညီပံ့ပိုးပေးရန် အသင့်ရှိပါကြောင်း”** ထည့်သွင်းပြောကြားသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က **“ရန်ကုန်တိုင်း**

**ဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အားကောင်းသည့် ဒေသတစ်ခု ဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်လုပ်ငန်း၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့အပြင် MSMEs လုပ်ငန်း များကို ပိုမိုကောင်းမွန်လာစေရေးကို ပေါင်းစပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း”** ပြောကြားပါသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နားလည်မှု စာချွန်လွှာများကို သက်ဆိုင်ရာပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းနောက် အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံများကို ရိုက်ကူးပြီး၊ ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။ ယနေ့ဖိုရမ်တွင် MSMEs လုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်း စုစုပေါင်း ၂၇ ခန်းကပါဝင်၍ စိတ်ဝင်စားဖွယ် ခင်းကျင်းပြသခဲ့ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများကို ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက powerpoint presentation ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စကားဝိုင်း ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ **“Power Investment & EV prospect in Yangon”** စကားဝိုင်း၊ **“Agriculture, Industry and Services in Yangon”** စကားဝိုင်းနှင့် **“Bridging MSMEs & Investment in Yangon”** စကားဝိုင်းများကို ဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးရာတွင် လျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍနှင့် MSMEလုပ်ငန်း ကဏ္ဍတို့၏ အခွင့်အလမ်းများအား အစိုးရဌာနများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍ ဆွေးနွေးခဲ့သည့် ကဏ္ဍ ၃ ခုအပေါ် စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံချိတ်ဆက်ဆွေးနွေးခြင်း (Business Networking & Matching) အစီအစဉ် ကို ဆက်လက် ကျင်းပရာ ဖိုရမ်သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက တက်ကြွစွာ ပါဝင်ဆွေးနွေးကြပြီး ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအကြား တိုက်ရိုက် စီးပွားရေးချိတ်ဆက်မှုများ ပိုမိုရရှိခဲ့ကြသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ ဖိုရမ်ကို ပိတ်သိမ်းပေးခဲ့သည်။ ဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ စုစုပေါင်း ၅၀၀ကျော် တက်ရောက်ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား  လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိအဆိုပါဝန်ကြီးဌာန၌လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်တွင်ပြုလုပ်မည့် **“Nepal - Myanmar Partnership in Digital Transformation Progarm”** နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်း စွာ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့်  နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် “ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း” အစည်းအဝေးကျင်းပ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် **“ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း”** အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့ဖြင့်ဖွဲ့စည်းတည်ထောင်ထားကြောင်း၊ နှစ်စဉ်စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ တိုးတက်ဖြစ်ပေါ်လာမှုများရှိသကဲ့သို့ အခက်အခဲများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခု တို့တွင် ရင်းနှီးမြှုပ်နှံမှုပုံစံနှစ်မျိုးဖြစ်သော ဒေသတွင်းရင်းနှီးမြှုပ်နှံမှုနှင့် ဒေသပြင်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုဟူ၍ရှိကြောင်း၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများကို ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကော်မတီ (Regional Investment Committee- RIC) က စိစစ်ခွင့်ပြု ပေးလျက်ရှိကြောင်း၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်လျက် လယ်ယာကဏ္ဍကို အခြေခံသော ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လယ်ယာကိုအခြေခံသော စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းသည် အရေးကြီးပါကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း တို့ရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းဇယားများကို တိကျသေချာစွာကောက်ယူရန်လိုအပ်ကြောင်း၊ အငယ်စား၊ အသေးစား နှင့် အလတ်စား စက်မှုလုပ်ငန်းများ (MSMEs) များကို အားပေးမြှင့်တင်ခြင်းသည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာပြီးဒေသတွင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးကို အထောက်အကူပြုကြောင်း၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ဒေသတွင်း အဖွဲ့အစည်းများဖြစ်သော ASEAN ၊ GMS၊ ACMECS အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံသဘောတူ စာချုပ်များ လက်မှတ်ရေးထိုး၍ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးတွင် မိမိတို့နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပြုလုပ်နေသော နိုင်ငံများအပြင် အလားအလာရှိသော နိုင်ငံများကိုပါ ထည့်သွင်းစဉ်းစား၍ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နိုင်ရေးကို အစီအစဉ်(**Plans**) များချမှတ်၍ ဆောင်ရွက်ကြစေလို ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အတွက် အာဆီယံဒေသတွင်းနိုင်ငံများသာမက ကမ္ဘာ့ နိုင်ငံများတွင် စျေးကွက်ရှာဖွေကြရန်နှင့် အလားအလာ ရှိသော ရင်းနှီးမြှုပ်နှံသူနှင့် မိတ်ဖက်များကို ရှာဖွေကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ ပြန်လည်သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သော **"ရင်းနှီးမြှုပ်နှံ ပြည်အားမာန်၊ ဆက်သွယ်စီးပွားပြည့်စွမ်းအား"** ဆိုသည့်အတိုင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည်အရေးကြီးပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများထက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားပြီး ပြည်တွင်း/ ပြည်ပ ရင်းနှီးမြှုပ်နှံမြှင့်တင်ရေးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအကျိုး စီးပွားအတွက် ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် တံတားသဖွယ် ချိတ်ဆက်ပံ့ပိုး ဆောင်ရွက်ပြီး ဝန်ကြီးဌာန၏ ရည်မှန်းချက်များကို ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးကို ဆောင်ရွက်နေသည့်အချိန်တွင် ကိန်းဂဏန်း အချက်အလက်များ မှန်ကန်တိကျရန် အရေးကြီးကြောင်း၊ နှစ်နိုင်ငံနှင့် နိုင်ငံစုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့စီးပွားရေးအမြင်နှင့် ပထဝီနိုင်ငံရေး အမြင်များကို နားလည်သိရှိထားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အတွင်း သတ်မှတ်ထားသော ဘဏ္ဍာငွေရရှိရေးကို ယခင်နှစ်များနည်းတူ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုလွယ်ကူ အဆင်ပြေအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၆ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုများပိုမိုတိုးတက်လာရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် စက်မှုချိတ်ဆက် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အခက်အခဲများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အာဆီယံ အပါအဝင် ဒေသတွင်း အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှု၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံစုံပူးပေါင်း ဆောင်ရွက်မှုများ၊ ရုရှားနှင့် မြန်မာနိုင်ငံတို့အကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဒေသတွင်းဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။



ဆက်လက်၍ ဒုတိယအမြဲတမ်းအတွင်းဝန်က ဝန်ကြီးဌာန၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီးရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးများက တိုင်းဒေသကြီး / ပြည်နယ်များ၏ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိ

**ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Titon Mitra တို့အား လက်ခံတွေ့ဆုံ**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့်အဖွဲ့အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်၊ ၀၉ ၀၀ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ်ဖြစ်သူ Mr. Titon Mitra နှင့်အဖွဲ့အား ၁၁၀၀ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁) ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လတ်တလော ကြုံတွေ့ခဲ့ရသည့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် UNOPS မှ အကူအညီပေးရေးကိစ္စများနှင့် UNDP ၏ အရေးပေါ်တုံ့ပြန်မှုအစီအစဉ်တို့နှင့် စပ်လျဉ်း၍ အဓိကဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိများ၊ UNOPS နှင့် UNDP တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။




**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ Chinese Enterprises Chamber Of Commerce in Myanmar (CECCM) က ငလျင်ဘေးသင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာနှင့် လူသုံးကုန်ပစ္စည်းများ လာရောက်ပေးအပ်လှူဒါန်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ Chinese Enterprises Chamber Of Commerce in Myanmar (CECCM) မှ အထွေထွေ အတွင်းရေးမှူး Mr. Xu Zhenwei နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing တို့က ငလျင်ဘေးသင့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာနှင့် လူသုံးကုန်ပစ္စည်း အမျိုးအစား စုစုပေါင်း ၅မျိုး အား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ၎င်းဝန်ကြီးဌာန၊ ရုံးအမှတ် (၁) သို့ လာရောက်ပေးအပ်လှူဒါန်းခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော စောင်၊ ခြင်ထောင်၊ မီးစက်နှင့် စားသောက်ဖွယ်ရာများဖြစ်သော ခေါက်ဆွဲနှင့် သောက်ရေသန့် ပစ္စည်းများ လာရောက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါ



ကြောင်း၊ မကြာမီ မိုးရာသီကာလရောက်ရှိတော့မည်ဖြစ်သည့်အတွက် ဝန်ထမ်းများ အမိုးအကာအောက်ရောက်ရှိစေရေး လိုအပ်သည့်အတွက် အလွယ်တကူတပ်ဆင်အသုံးပြုနိုင်သည့်အိမ် (Prefabricated Houses ) များ လှူဒါန်းမည်ဆိုပါက ကြိုဆိုလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက Chinese Enterprises Chamber Of Commerce in Myanmar (CECCM) က ပေးအပ်လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများအား လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရှိပါသည်။

## ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အထူး အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါဝင်တက်ရောက်

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံ၏အာဆီယံစီးပွားရေးဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန၊ဝန်ကြီးကအစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံစီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ၏ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အကာအကွယ်ပေးနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ထို့နောက် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ကြေညာခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ အပြန်အလှန် အခွန်စည်းကြပ်မှုအစီအစဉ် ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပေါ် ယင်းအခွန် စည်းကြပ်မှုများ၏ အကျိုးသက်ရောက်မှု၊ အာဆီယံ၏ မဟာဗျူဟာများနှင့် စုပေါင်းတုန့်ပြန်မှုများနှင့်အတူ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အာဆီယံ ပထဝီစီးပွားရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးတို့အပေါ် ဆွေးနွေးကြသည်။ အဆိုပါ လုပ်ငန်းအဖွဲ့သည်ဒေသတွင်း မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများကို အာဆီယံနိုင်ငံများ၏ စုပေါင်းအားဖြင့် ဖြေရှင်းနိုင်မည့် မဟာဗျူဟာမြောက် နည်းလမ်းများကိုလည်း ဖော်ထုတ်သွားရန် ဖြစ်သည်။ ထို့နောက် အစည်းအဝေးတွင် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို အတည်ပြုကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် ဖြစ်ပွားခဲ့သည့် ပျက်စီးဆုံးရှုံး မှုများအတွက် ကျွမ်းကျင်ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးမှု ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးမှုနှင့် လူသားချင်းစာနာ ထောက်





ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်မှုအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ဆက်လက်၍ အာဆီယံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို အကာအကွယ်ပေးနိုင်မည့် နည်းလမ်းများနှင့် အာဆီယံ-အမေရိကန် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ပြီး အာဆီယံ၏ စည်းလုံးညီညွတ်မှုဖြင့် ဒေသတွင်း၏ အကျိုးစီးပွားကို ကာကွယ်နိုင်ပြီး ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေတွင် အခွင့်အလမ်းများ ရယူနိုင်မည် ဖြစ်ကြောင်းလည်း အလေးပေးဆွေးနွေးသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ပို့ကုန်များဖြစ်သည့် CMP နှင့် လယ်ယာပို့ကုန်များအပေါ် ထိခိုက်နိုင်မှုနှင့် လုပ်သား၊ အလုပ်အကိုင်များအပေါ် ထိခိုက်နိုင်မှု အနည်းဆုံးဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဆင့်မြင့်စီးပွားရေးအရာရှိဖြစ်သူ နိုင်ငံခြားစီးပွား

## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဒဏ်သင့် ဝန်ထမ်းများအား အခြေခံစားသောက်ကုန်နှင့် အသုံးအဆောင် ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် အားပေးစကားပြောကြား၍ ဝန်ထမ်းနှင့်ဝန်ထမ်း မိသားစုများ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်နိုင်ရေး တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် ဆဋ္ဌမအကြိမ်မြောက် ဆန်၊ ဆီ၊ ခြင်ထောင်၊ အိပ်ရာခင်းဖျာ၊ သောက်ရေသန့်၊ ကြက်ဥ၊ ကော်ဖီမစ်ထုပ်၊ သကြား၊ စည်သွတ်ဗူး၊ ဘာလချောင်ကြော်၊ ဆန်ကြာဇံထုပ်နှင့် ခြင်ဆေးခွေစသည့် အသုံးအဆောင်ပစ္စည်းများနှင့် အခြေခံ စားသောက်ကုန် (၁၂) မျိုးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ လျောင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ လာရောက်ထောက်ပံ့ လှူဒါန်းခြင်းနှင့် သင်္ကြန်ကာလအတွက် ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်

အင်အားပြင်း မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် လျောင်ဘေးဒဏ်သင့်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းများအတွက် တရုတ်နိုင်ငံ CITIC Myanmar Company ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး၊ Myanmar Jiangxi General Chamber of Commerce အဖွဲ့၊ Myanmar Airways International Company Limited၊ တော်ဝင်ညီညွတ်သော အိမ်ခြံမြေအကျိုးဆောင် အသင်းနှင့် Mega Lifesciences Limited တို့မှ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ငွေကြေး၊ စားသောက်ဖွယ်ရာနှင့် လူသုံးကုန်ပစ္စည်းများကိုအသီးသီးလာရောက်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင်တို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများအား ပြန်လည်ပေးအပ်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနရှိ ယာယီလူနေခန်းများတွင် နေထိုင်မည့် ဝန်ထမ်းမိသားစုများ ရေအသုံးပြုနိုင်ရန်အတွက် Good Brother Company Limited မှ ရေစက် (၄) လုံး နှင့် Best Oil Company မှ ငွေကျပ် သိန်း (၅၀၀) အား လာရောက်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးကလက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ယနေ့ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနရှိဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်္ကြန်ရုံးပိတ်ရက်ကျရောက်တော့မည်ဖြစ်သဖြင့် ဝန်ထမ်းများ စနစ်တကျတာဝန်ချထားရေး၊ လာရောက်လှူဒါန်းကြသည့် ငွေကြေးနှင့် ပစ္စည်းများအား စနစ်တကျလက်ခံ မှတ်တမ်းပြုစုရေး၊ မုတ်သုံရာသီ ကျရောက်တော့မည့် အချိန်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်ထားမှုများ ဆောင်ရွက်ရေး၊ ဝန်ထမ်းများအား ဌာနခွဲအလိုက် Guardian စနစ်ဖြင့် အနီးကပ်ကြည့်ရှုစောင့်ရှောက်စေရေး၊ သင်္ကြန်ကာလအပြီးတွင် ဝန်ထမ်းများ အင်ပြည့်အားပြည့်ဖြင့် ရုံးလုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေးတို့ မှာကြားခဲ့သည်။

နေ့လယ်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် အရာထမ်း/အမှုထမ်းများအား မဟာသင်္ကြန်ကာလ အလှူဒါနနှင့် မိသားစုများ နေထိုင်နိုင်ရေးအတွက် အကြိုထောက်ပံ့ကြေးငွေကျပ်တစ်သိန်းစီကို ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရုံးဝင်းရှေ့ရှိ မော်တော်ယာဉ် ရပ်နားဝင်းအတွင်း ဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော စတုရန်း ပေ ၁၁၀ ကျယ်ဝန်းသည့် ယာယီလူနေခန်းများ တည်ဆောက်ပြီးစီးမှု၊ ထပ်မံတည်ဆောက်လျက်ရှိသော အလွယ်တကူတပ်ဆင်အသုံးပြုနိုင်သည့်အိမ် (Prefabricated Houses) များ တည်ဆောက်နေမှု ၊ ရေချိုးခန်း၊ အိမ်သာစီစဉ်မှုများ၊ **“အတူတူချက်ကြစို့”** ရည်ရွယ်ချက်များဖြင့်ဝန်ထမ်းမိသားစုများ စုပေါင်းချက်ပြုတ်စားသောက်ရန် အများသုံးမီးဖိုဆောင် (Community Kitchen) စီစဉ်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူပွဲနှင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားများကျင်းပ

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၇ ရက် (ကြာသပတေးနေ့) ၁၅၀၀နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကို အဆိုပါဌာနရှိ အစည်းအဝေးခန်းမရှေ့တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သံဃာတော် အရှင်သူမြတ်များနှင့် ကြွရောက်လာသည့် ဧည့်ပရိတ်သတ်အပေါင်းတို့က နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီးစမ်းမြိုင် တောရကျောင်းတိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သူရိယထံမှသရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူဆောက် တည်ကြသည်။ ဆက်လက်၍ ဆရာတော် အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်း ပရိတ် တရားတော်နှင့် အနန္တရာယိကကမ္မဝါစာများကို ရွတ်ပွား သရဇ္ဈာယ် တော်မူကြပြီးနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေး ဝေခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငါးကောင်ရေ ၃၀၀၀ အား ဇီဝိတ ဒါနအဖြစ် ဝန်ကြီးဌာနအနောက်ဘက်ရှိ လျှိုပိတ်တမံ အတွင်းသို့ ကုသိုလ်ပြု လွှတ်ပေးခဲ့ကြကြောင်း သိရသည်။





## နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက် ရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံ၍ အားပေးစကားပြောကြား

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မှ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက်များ ကုန်ဆုံး၍ လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံ့ တာဝန်များ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ၊ ရုံးအမှတ် (၁) အစည်းအဝေးခန်းမတွင်တွေ့ဆုံ၍ အားပေးစကား ပြော ကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအားလုံး ကျန်းကျန်းမာမာစုံစုံညီညီဖြင့် နိုင်ငံ့တာဝန်များထမ်းဆောင် နေကြသည်ကိုတွေ့ရှိရ၍ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက် ပါကြောင်း၊ နှစ်သစ်ကူးရုံးပိတ်ရက်များအပြီးနှင့် ငလျင်လှုပ် ခတ်မှုအပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ရုံး အဆောက်အဦ ကို ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့ ၃ ဖွဲ့နှင့် စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်သဖြင့် ဝန်ထမ်းများ လုံလုံခြုံခြုံနှင့် စိတ်ချယုံကြည်စွာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်

မည်ဖြစ်ကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်စေလိုကြောင်း၊ ငလျင်ဒဏ်ကြုံဖူးသော နိုင်ငံများတွင် ပြန်လည်နိုးထ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံများအားလုံး ဆောင်ရွက်ကြရပါကြောင်း၊ နိုင်ငံတော်နှင့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်သင့်ဝန်ထမ်းများ၏ လိုအပ်ချက်များကိုအတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်တည်ဆောက်ရေး၊ ပြန်လည် ထူထောင်ရေးနှင့် အခြေချနေထိုင်ရေး လုပ်ငန်းစဉ်များတွင် အားလုံး စုံစုံညီညီဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ရုံးရှေ့မော်တော်ယာဉ်ရပ်နားကွင်းတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရေး အဆင်ပြေစေရန် အတွက် ယာယီလူနေခန်းများ၊ လူပျို့ဆောင်များ တည်ဆောက်ထားပါကြောင်း၊ ဝန်ထမ်းများအတွက် ကျား - မ သန့်စင်ခန်းများ၊ မိုးလုံ လေလုံ ကျား-မ ရေချိုးခန်းများနှင့် သုံးရေရရှိရေးအတွက် ရေစင်၊ အများသုံး မီးဖိုဆောင် (Community Kitchen) များ ၊ ထမင်းစားခန်းများနှင့် ရုံးဝန်ထမ်းများအတွက် Canteen ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ အနေဖြင့် တစ်ဦးချင်း တစ်ယောက်ချင်းစီက နိုင်ငံ့တာဝန်၊ ဌာနတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြစေလိုကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် ပိုမိုအရှိန်မြှင့် လုပ်ဆောင်ကြစေလိုကြောင်းနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ အသိစိတ်ဖြင့် တာဝန်ယူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မင်္ဂလာနှစ်သစ်တွင် ဝန်ထမ်းများအားလုံး ကျန်းကျန်းမာမာဖြင့် မိမိတို့၏ နေ့စဉ်လုပ်ငန်းတာဝန်များကို ယခုထက်ပိုမို၍ ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း ပြောကြားခဲ့သည်။

ထို့နောက် ဝန်ထမ်းများက နေထိုင်ရေးနှင့်စပ်လျဉ်း၍ ၎င်းတို့လတ်တလော တွေ့ကြုံနေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြေရှင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီဝန်ထမ်းအိမ်ရာများ တည်ဆောက် ပြီးစီးမှုနှင့် လျှပ်စစ်မီး ၊ ရေစင် ၊ သန့်စင်ခန်းများ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



## အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀)မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇန်နဝါရီလ ၂၁ ရက်မှ ဇန်နဝါရီလ ၂၃ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့်အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ်(၂၀)မြောက် အစည်းအဝေးသို့ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အကြိမ် (၂၀) မြောက် အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိ အဖြစ်ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စ်တေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အာဆီယံ လူမှုယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌများ၏မျက်နှာစုံညီအစည်းအဝေးပြုလုပ်ခဲ့ရာ သက်ဆိုင်ရာ မဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး မဟာဗျူဟာစီမံချက်များရေးဆွဲမှုအပေါ် အမြင်ချင်းဖလှယ်ကြသည်။

ထို့ပြင် အာဆီယံစွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာ အားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေးနည်းလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၄၅ ကွာလာလမ်ပူကြေညာချက်၊ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ စီမံချက်မူကြမ်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ Institutional Strengthening Strategic Measures ဆိုင်ရာစာရွက်စာတမ်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ cross-pillar strategic measures ဆိုင်ရာ စာရွက်စာတမ်း၊ အာဆီယံအသိုက်အဝန်း ၂၀၄၅ အတွက် Communication Plan နှင့် စောင့်ကြည့် လေ့လာရေး ယန္တရားများကို ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံ ၂၀၄၅အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မဏ္ဍိုင် (၃) ရပ်ရှိ သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှုဆိုင်ရာ ဆွေးနွေးချက်များသည် မိမိတို့အတွက်လည်း ပိုမိုရှင်းလင်းလွယ်ကူစေကြောင်း၊ အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ ၂၀၄၅ နှင့် ဆက်စပ်စာရွက်စာတမ်းများအား အတည်ပြုရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နိုင်ရန် အချိန်လိုအပ်ကြောင်း၊ Cross-sectoral Strategic Measures များ အကောင်အထည်ဖော်မှုစောင့်ကြည့်ရေးအတွက် မိမိတို့အနေဖြင့် အချက်အလက်များ (data) နှင့် ညွှန်ကိန်း (Indicator) တို့ကို မူတည်၍ မူဝါဒများချမှတ်ရမည်ဖြစ်ကြောင်း၊ ASEAN Community Statistical System (ACSS) သည် Indicator များနှင့် အချက်အလက်များအတွက် သီးသန့် Sectoral Body ဖြစ်သဖြင့် စောင့်ကြည့်လေ့လာရေးအတွက် စဉ်းစားသင့်ကြောင်း၊ ၎င်းတို့သည် ပိုမိုခက်ခဲသည့် SDGs indicator များကို ဆောင်ရွက်နေသည့်အတွက် သင့်လျော်ကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

လာမည့် ဖေဖော်ဝါရီလ ၃ ရက်မှ ၅ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပမည့် (၂၁) ကြိမ်မြောက်

အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ် အလွန် မျှော်မှန်းချက်ဆိုင်ရာ အာဆီယံမဟာဗျူဟာ မြောက်လုပ်ငန်းစဉ်များ အပြီးသတ်နိုင်ရေး ဆက်လက် ဆွေးနွေးကြမည်ဖြစ်ပြီး သက်ဆိုင်ရာမဏ္ဍိုင်အလိုက်မဟာ ဗျူဟာစီမံကိန်းများ ရေးဆွဲမှုများအတွက် မဟာဗျူဟာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာမဏ္ဍိုင်များအကြား ကိုက်ညီမှုရှိစေရေး၊ မဟာဗျူဟာစီမံချက်များ ထပ်မနေ စေရေး၊ ကဏ္ဍများအကြား အချိတ်အဆက်မိရေးကိစ္စ များကို ဆက်လက်ဆွေးနွေး ဆောင်ရွက်ကြမည်ဖြစ် ကြောင်းနှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ် မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီ အတည်ပြုနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွား ရန်ရှိကြောင်း သတင်းရရှိသည်။




**အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၁) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်**

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်း ချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၁) ကြိမ်မြောက်အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တွင် ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိကျင်းပရာအာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲ ရေးဆိုင်ရာ မြန်မာနိုင်ငံ အဆင့်မြင့်လုပ်ငန်း အဖွဲ့ ခေါင်းဆောင်၊ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ယင်းအစည်းအဝေးနှင့်ဆက်စပ်၍ အာဆီယံအသိုက် အဝန်း ၂၀၂၅ ခုနှစ် အလွန် မျှော်မှန်းချက် ရေးဆွဲရေး ဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက် အဝန်းနှင့်စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ကျင်းပပြီး ဆွေးနွေးရန် ကျန်ရှိနေသည့် နယ်ပယ်များကို အပြီးသတ်ဆက်လက်ညှိနှိုင်း ဆွေးနွေး ခဲ့ရာ ၁၀၀ % ပြီးစီးခဲ့သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၁) ကြိမ်မြောက်အစည်း အဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်း ရေးဆွဲရေး ဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံတို့မှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့က ပူးတွဲဥက္ကဋ္ဌများ အဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စတေ

နိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

### ရင်းနှီးပွင့်လင်းစွာဆွေးနွေး

အစည်းအဝေးတွင် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း မဟာဗျူဟာ စီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ် ညှိနှိုင်းရေးဆိုင်ရာ ကော်မတီ ပူးတွဲဥက္ကဋ္ဌ၊ ပြန်ကြားရေးဆိုင်ရာ အာဆီယံ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးဥက္ကဋ္ဌတို့နှင့် မျက်နှာစုံညီ အစည်းအဝေးပြုလုပ်ရာ သက်ဆိုင်ရာ မဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများရေးဆွဲမှု၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာစီမံချက်များ ရေးဆွဲမှုအပေါ်အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထို့နောက် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့်သက်ဆိုင်ရာလုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ရေး နည်းလမ်းများ အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ အဓိကထား ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ ၂၀၂၅ ခုနှစ် မေလ၌ ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် အာဆီယံအသိုက်အဝန်း ၂၀၄၅ ကွာလာလမ်ပူကြေညာချက်၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက်၊ အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များ၊ မဏ္ဍိုင်များအကြား ပူးပေါင်းဆောင်ရွက်ရမည့် မဟာဗျူဟာ လုပ်ငန်းစဉ်များ၊ အဆိုပါ မဟာဗျူဟာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လေ့လာရေးနှင့် ပြန်လည်သုံးသပ်ရေးယန္တရားနှင့် သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှု၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ ဖြစ်ကြောင်း သိရသည်။ လာမည့် ၂၀၂၅ ခုနှစ် မတ်လတွင် မလေးရှားနိုင်ငံ ပီနန်းမြို့တွင် ကျင်းပမည့် (၂၂) ကြိမ်မြောက် အစည်းအဝေးတွင် မဟာဗျူဟာ လုပ်ငန်းစဉ်များ သက်ဆိုင်ရာ မဏ္ဍိုင်များအကြား ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရေး၊ ထပ်မနေစေရေး၊ မဟာဗျူဟာစီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်ဦးရွက် ပြုမည့် အဖွဲ့အစည်းများနှင့် မဏ္ဍိုင်များ သတ်မှတ်ရေး၊ ကဏ္ဍများအကြား အချိတ်အဆက်မိရေးနှင့် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအတွက် စောင့်ကြည့်လေ့လာရေးနှင့် ပြန်လည်သုံးသပ်ရေး ယန္တရားနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆက်လက်ဆွေးနွေးညှိနှိုင်းပြီး ၂၀၂၅ ခုနှစ် မေလတွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီအတည် ပြုနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။



## (၄၇) ကြိမ်မြောက် အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့ထိ မလေးရှားနိုင်ငံ၊ ဂျဟိုးမြို့၊ ဒါဆာရူ၌ ကျင်းပ သည့် (၄၇) ကြိမ်မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့အစည်းအဝေး (Forty-Seventh Meeting of the High-level Task Force on ASEAN Economic Integration-47th HLTF-EI) သို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင် (HLTF-EI Lead) ဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်း စီးပွားရေး ဖြစ်ပေါ်တိုးတက်မှုများ၊ ၂၀၂၅ ခုနှစ် မလေးရှားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းစဉ်များ (Priority Economic Deliverables – PEDs)၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) လမ်းပြမြေပုံ-၂၀၂၅ ၏ အပြီးသတ်ကာလသုံးသပ်ချက် ဆောင်ရွက်မှုများ၊ အာဆီယံဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည် ဖော်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အေအီးစီမဟာဗျူဟာလုပ်ငန်းစီမံချက် ၂၀၂၆-၂၀၃၀ ရေးဆွဲမှု၊ ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပမည့် (၃၁) ကြိမ်မြောက် အာဆီယံ စီးပွားရေး ဝန်ကြီးများအစည်းအဝေးသို့ တင်ပြမည့် အကြံပြုချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြပါသည်။

ဒုတိယဝန်ကြီးက လက်ရှိကမ္ဘာ့စီးပွားရေး မူဝါဒ အပြောင်းအလဲများနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ စိန်ခေါ်မှုများကြောင့် အာဆီယံဒေသတွင်း ဖြစ်ပေါ်လာနိုင်သော အခြေအနေများကို အလေးထားဆောင်ရွက်ရန်၊ ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေးအသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ ၂၀၂၅ ခုနှစ်၊ လာအိုနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ဦးစားပေးဆောင်ရွက်နေသည့် စီးပွားရေး လုပ်ငန်းစဉ်များကို အချိန်မီပြီးစီးရန်နှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် အာဆီယံ၏ မဏ္ဍိုင်များအကြား၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရန်၊ ကောင်းမွန်သော စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းနှင့် စပ်လျဉ်း၍နိုင်ငံများ၏ အတွေ့အကြုံများကို မျှဝေပေးရန်၊ အာဆီယံစီးပွားရေးအသိုက်အဝန်း မဟာဗျူဟာ လုပ်ငန်းစီမံချက် (မူကြမ်း) ရေးဆွဲနေမှုအား အပြီးသတ်ဆောင်ရွက်၍ အာဆီယံအဖွဲ့ဝင် နိုင်ငံများ အကြား စီမံချက်များ ချမှတ်ရာတွင် ညီညွတ်မျှတမှု ရှိစေရေးနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းရေးအတွက် အားလုံးပါဝင်နိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေးတွင် မလေးရှားနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာန၊ အတွင်းရေးမှူးချုပ် H.E. Dato’ Hairil Yahri Yaacob က အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြပါသည်။ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့် လုပ်ငန်းအဖွဲ့ကို အာဆီယံ နိုင်ငံများ၏ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ ဖြင့် ဖွဲ့စည်းထားပြီး၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် ဆွေးနွေးညှိနှိုင်း၍ အာဆီယံစီးပွားရေး ဝန်ကြီးများထံ အကြံပြုချက်များ တင်ပြခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။



## အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၂) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

မလေးရှားနိုင်ငံ၊ ပီနန်းမြို့တွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ မတ်လ ၁၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၂) ကြိမ်မြောက်အစည်းအဝေးသို့ အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ၏ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၂) ကြိမ်မြောက် အစည်းအဝေးကို အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်း ရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင်အဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံ၏ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှအဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ တီမောလက်စတေနိုင်ငံမှကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ် ညှိနှိုင်းရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌများနှင့် မျက်နှာစုံညီ အစည်းအဝေး ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှု၏ တိုးတက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြပြီး မဟာဗျူဟာစီမံချက်များ ရေးဆွဲရေးနှင့် အပြီးသတ်ဆောင်ရွက်ရေးတို့အပေါ် ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေး၌ ကွာလာလမ်ပူကြေညာချက် စာတမ်းအား တတိယအကြိမ် ညှိနှိုင်းဆွေးနွေးမှုပြီးစီးခဲ့ပြီး မူကြမ်းကို အတည်ပြုနိုင်ခဲ့ကြပါသည်။ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း မဟာဗျူဟာစီမံချက်ပါ မဟာဗျူဟာမြောက် မျှော်မှန်းချက်များကို အပြီးသတ်အတည်ပြုနိုင်ခဲ့ပါသည်။ မဟာဗျူဟာ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လေ့လာရေးနှင့်ပြန်လည်သုံးသပ်ရေးယန္တရား၊ ဆက်သွယ်ရေး အစီအစဉ်နှင့် ၂၀၂၅ ခုနှစ်၊ မေလတွင်ကျင်းပမည့် အာဆီယံ ပေါင်းစပ်ဆက်သွယ်ရေးကောင်စီ (ACC) သို့တင်သွင်းမည့် အစီရင်ခံစာကို အပြီးသတ်ဆွေးနွေး အတည်ပြုခဲ့ကြပါသည်။ ထို့အပြင် အာဆီယံအသိုက်အဝန်း ၂၀၄၅ အတွက် စာအုပ်ခေါင်းစဉ်အား ASEAN 2045: Our Shared Future ဟူသည့်ခေါင်းစဉ် ကိုဆွေးနွေးအတည်ပြုခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးတွင် အချိန်မီ အတည်ပြုနိုင်ရေးနှင့် စာအုပ်ထုတ်ဝေရေးတို့အတွက် သတ်မှတ်ထားသော အချိန်အတွင်း အပြီးသတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်ရှိပါကြောင်း သတင်းရရှိပါသည်။



# ဦးစီးဌာန
# သတင်းကဏ္ဍ

MIFER BULLETIN
1/2025

## လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ဇန်နဝါရီလ ၃၀ ရက်နေ့တွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈)၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်သည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် ဝန်ဆောင်မှုကဏ္ဍမှ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁ ခုနှင့် စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှု ကဏ္ဍတို့မှ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ် ၁၃ ခု တို့ကိုခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃.၆၈၄သန်းနှင့် ကျပ် ၃၄၅,၈၆၃.၀၄၃ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၅၄၄ ဦးကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ယခု အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် လျှပ်စစ်သုံးယာဉ်အမျိုးမျိုး တပ်ဆင် ထုတ်လုပ်ခြင်း လုပ်ငန်းများ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်း၊ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းနှင့် နိုင်ငံတကာအဆင့်မီကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့လည်း ပါရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍ ၁၂ရပ်အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈.၃၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄.၆၇ ရာခိုင်နှုန်း ဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄.၄၃ ရာခိုင်နှုန်း ဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များအားစိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများ အတွက် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ ဝန်ဆောင်မှုများကို လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပွင့်လင်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



## ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၏ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပပို့ကုန် တိုးတက်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှု ကော်မတီတို့ ပူးပေါင်း၍ **"ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ပြည်ပပို့ကုန်မြှင့်တင်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲ"** အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် နေပြည်တော်ကောင်စီရုံးရှိ ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ နေပြည်တော်အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ၊ အငယ်စား၊ အလတ်စား ပုဂ္ဂလိက လုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်း ( ၁၃၀ ) ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဆွေးနွေးပွဲတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ ဒေါ်ယဉ်ယဉ်နွယ်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၏ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး၊ဒေါ်သီတာချောလှိုင်က မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် လိုက်နာဆောင်ရွက်ရမည့် General Administration of Customs China – GACC ၏ ပို့ကုန် ဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ ဦးရဲမင်းအောင်က ပြည်တွင်း စားသုံးဆီထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု တိုးတက် လာစေရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ ဆွေးနွေး မေးမြန်းခဲ့ကြကြောင်း သိရှိရသည်။



## နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ မြေပြင်ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

နေပြည်တော်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေး အဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်း ဆောင်ရွက် ခွင့်ပြုခဲ့သည့် ကြက်ဥ၊ မျိုးကြက်ခြံနှင့် ကြက်သားပေါက် ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း၊ဝက်မွေးမြူရောင်းချခြင်းလုပ်ငန်းနှင့် IPP (BOO) စနစ်ဖြင့် ၃၀ မဂ္ဂါဝပ် နေရောင်ခြည် စွမ်းအင်သုံးဓာတ် အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ် လုပ်ရောင်းချခြင်းလုပ်ငန်းတို့သို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ် သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများသို့ မြေပြင်ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

နေပြည်တော် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေး အဖွဲ့နှင့် အထူးဖိတ်ကြားထားသည့် နေပြည်တော် စိုက်ပျိုး ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ဆောင် ရွက်ခွင့်ပြုခဲ့သည့် Contract Farming စနစ်ဖြင့် စပ်မျိုး စပါးများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း သို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်နေ့တွင် သွားရောက်ခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးစိစစ်ခဲ့ပါသည်။



## ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခြင်း

ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေး အဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် ကွင်းဆင်းစစ်ဆေး ရေးအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျက်ရှိသော ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်ရှိ မန်ခိန်ဓါတ်အားခွဲရုံသို့ ခွင့်ပြုမိန့် ရရှိပြီး နောက်ပိုင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် အခက်အခဲများကို သိရှိရန်အတွက် ၂၀၂၅ ခုနှစ်၊ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သွားရောက် စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင် ရွက်ပေးခဲ့ပါသည်။



## ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး

ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ကရင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့် အပါအဝင် အဖွဲ့ဝင် ၆ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူထံမှ တင်ပြလာသော အတည်ပြုမိန့် လျှောက်ထားလွှာအား စိစစ်ခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ အစည်းအဝေးမှ အတည်ပြုလျှောက်ထားလွှာ တင်ပြလာသည့် အဆင့်မြင့် စားအုန်းဆီ သန့်စင်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်း ၁ ခုအား အတည်ပြုမိန့် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ကို၊ ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသော သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Eon Sai Mon Co., Ltd. က ရာဘာသစ်ပါးလွှာနှင့် သစ်အချောထည်များ ထုတ်လုပ်တင်ပို့ ရောင်းချခြင်း လုပ်ငန်းကို အတည်ပြုမိန့်ဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်နှင့် ဆက်စပ်ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်နေသော Kento Trading Co.,Ltd. က တည်ဆောက်ရေးကာလ ဒုတိယအကြိမ် ထပ်မံတိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စတို့ကို တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဆက်စပ်ဌာနဆိုင်ရာများပူးပေါင်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ခွင့်ပြုပေးနိုင်ရေး ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး-စကု မြို့နယ်တွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မျိုးစေ့စိုက်ပျိုး ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းသို့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဝန်ဆောင်မှုပေးခဲ့သည့် လုပ်ငန်းအပေါ် ဆွေးနွေးခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။



## မကွေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်း

မကွေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့က တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်သည့် ကွင်းဆင်း စစ်ဆေးရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်တွင် IPP(BOO) စနစ်ဖြင့် ၁၀၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် နေရောင်ခြည် စွမ်းအင် (Hybrid) သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ် ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ရွှေပြည်သာမြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် Bedding အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းများ၏ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်မည့် အခြေအနေ၊ ကနဦးကုန်ကြမ်းတင်သွင်းမည့် မြေပြင်အခြေအနေများအား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကွင်းဆင်း စစ်ဆေး၍ ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ၊ ဝန်ဆောင်မှု ကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခု တို့ကို အတည်ပြုပေးခဲ့ပါသည်။ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်း၊ အဆင်သင့် ဖျော်စပ်ပြီးသော ကွန်ကရစ်များ ရောင်းချ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းတို့ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ ကျပ် ၈၀၀ သန်းနှင့် အမေရိကန် ဒေါ်လာ ၅.၉၃၁ သန်း ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁,၀၁၆ ဦးကို ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၆ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည်မှော်ဘီမြို့နယ်နှင့်မင်္ဂလာဒုံမြို့နယ် တို့ရှိ CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော စက်ရုံ၏ စီးပွားဖြစ် စတင်လည်ပတ် ထုတ်လုပ်ရန်အတွက် လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ၊ အတည်ပြုမိန့် ရယူရန် လျှောက်ထားလာသော သစ်သားပြား အမျိုးမျိုးနှင့် ပရိဘောဂ အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း နှင့် CMPစနစ်ဖြင့် ကားပုံစံငယ်နှင့် ကားပုံစံငယ် အစိတ်အပိုင်း ထုတ်လုပ်ခြင်းလုပ်ငန်းမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ တိုးမြှင့်၍ စက်ပစ္စည်းများ တင်သွင်းခွင့် တင်ပြလာခြင်းအပေါ် မြေပြင်အခြေ အနေများအား ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ လိုက်နာ ဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ရှိ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း၏ စီးပွားဖြစ် စတင်ခြင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့ရှိ CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းတို့၏ အတည်ပြုမိန့်ရယူရန် လျှောက်ထားလာခြင်းနှင့် CMP စနစ်ဖြင့် အားကစား လက်အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်း၏ ထုတ်ကုန်များ တိုးမြှင့်ခွင့်လျှောက်ထားလာခြင်းတို့အပေါ် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကွင်းဆင်း စစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၊ ရန်ကုန်တိုင်း ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပပြုလုပ်ခဲ့ပါ သည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူး ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင်ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသည် ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့် စက်မှုကဏ္ဍ တို့တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခု တို့ကို အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှု

လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ ကျပ် ၇၉၆.၉၅၀ သန်းနှင့် အမေရိကန် ဒေါ်လာ ၁ သန်း ဖြစ်ပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်း ၁,၉၂၀ ဦး အတွက် ဖန်တီး ပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် အစည်းအဝေးတွင် အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု ၏ တင်ပြချက်များကို လည်း ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါသည်။



## ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းကြည့်ရှုခြင်း

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ Warehousing Services And Logistics Services လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ၏ စီးပွားဖြစ် စတင် လည်ပတ်ရန်အတွက် လျှောက်ထားလာခြင်းအပေါ် ကုမ္ပဏီ၏ မြေပြင် အခြေအနေတို့အား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေး၍ ရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ဝတ္တရားများ လိုက်နာ ဆောင်ရွက်မှု အခြေအနေ၊ လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။



## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပခြင်း

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် Hi Avocado Company Limited ၏ အစုရှယ်ယာ လွှဲပြောင်း ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ဆွေးနွေး တင်ပြခဲ့ပြီး အစည်းအဝေးမှ အတည်ပြုပေးခဲ့ပါသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇ ခု ရင်နှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၆.၁၆၃) သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၈ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၇.၅၉၂ သန်း အပါအဝင် ကျပ်သန်း ၄၆၂၁၆.၃၀၁ကို ခွင့်ပြုပေးထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများမှ ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင် ခွင့်အလမ်း အနေဖြင့် ပြည်တွင်း ၁၅၁၃ ဦးနှင့် ပြည်ပ ၆၈ ကို ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။



## ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးပြုလုပ်ခြင်း



ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေး ကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရောဝတီတိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ ရောဝတီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ၊ ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များတက်ရောက် ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် ဆန်စပါး၊ ပဲနှင့် ပြောင်း ကြိတ်ခွဲထုတ်လုပ် တင်ပို့ရောင်းချခြင်း လုပ်ငန်း ၁ ခုကို အတည်ပြုပေးနိုင်ခဲ့ပါသည်။

## ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးအဖွဲ့က The Perpetual Co., Ltd. သို့ ကွင်းဆင်းစစ်ဆေးခြင်း



ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (ARIC) ၏ အတည်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက် လျက်ရှိသည့် မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်ရှိ ဆန်စပါး၊ ပဲနှင့် ပြောင်းကြိတ်ခွဲထုတ်လုပ် တင်ပို့ရောင်းချခြင်း လုပ်ငန်းသို့ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် သွားရောက် စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ပါသည်။

## ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကြီးကြပ်ရေးအဖွဲ့က Kumudra (Pathein) Garment Co., Ltd. သို့ ကွင်းဆင်းစစ်ဆေးခြင်း



ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ (ARIC) ၏ အတည်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက် လျက်ရှိသည့် ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်ရှိ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ် လုပ်ခြင်းလုပ်ငန်းသို့ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

# ပြည်တွင်း/ ပြည်ပ သတင်းကဏ္ဍ

MIFER BULLETIN
1/2025

## ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC တို့ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကျောက်ဖြူအထူး စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC တို့ ကြိုတင် ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent)နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁ ) ၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေး ဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်၊ မြန်မာအထူးစီးပွားရေး ဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကျောက်ဖြူအထူး စီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC မှ နှစ်ဖက်ကြိုတင် ဖြည့်ဆည်းရမည့် အချက် (Conditions Precedent) ကိစ္စရပ်များနှင့် သက်ဆိုင်သည့်ဌာနများမှ တာဝန်ရှိသူများ၊ CITIC Consortium Myanmar Port Investment Limited မှ ဥက္ကဋ္ဌ Mr.Liang Chuanxin နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးစီမံကိန်း ဆောလျင်စွာ စတင်နိုင်ရေးအတွက်မြန်မာနိုင်ငံဖက်နှင့်တရုတ်နိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာလာစေရန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးဆွဲထားသည့် Development Plan ကို ခေတ်စနစ်နှင့်အညီ ကောင်းမွန်စေရန် ရေးဆွဲသင့်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်းသည် မြန်မာနိုင်ငံအတွက် အရေးကြီး သကဲ့သို့ တရုတ်နိုင်ငံအတွက်လည်း မဟာဗျူဟာကျသည့် မြန်မာ- တရုတ် စီးပွားရေးစင်္ကြံ ပူးပေါင်း ဆောင်ရွက်မှု စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုမြှင့်တင်စေနိုင်မှာဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းများ သတ်မှတ် ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေး အတွက် လိုအပ်သည့် လုပ်ငန်းများကို သတ်မှတ် ကာလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရေးနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို Time line ချမှတ်၍ ကြိုးစားဆောင်ရွက်နေကြောင်းပြောကြားခဲ့သည်။



ထို့နောက် f CITIC Consortium Myanmar Port Investment Limited မှ တာဝန်ရှိသူများက နှစ်ဖက် ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ(Conditions Precedent)နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များက ကျောက်ဖြူအထူးစီးပွားရေး

ဇုန်ရေနက်ဆိပ်ကမ်း စီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် CITIC နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များအနက် CITIC ဆိုင်ရာ ကိစ္စရပ်များနှင့် EIA/SIA တို့နှင့် စပ်လျဉ်းသည်များကို တင်ပြခဲ့ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေး တင်ပြချက်များ အပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ၁၅ ၃၀ တွင် ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် မြန်မာနှင့် CITIC တို့ နှစ်ဖက်ကြိုတင်ဖြည့်ဆည်း ရမည့် အချက်များ (Conditions Precedent)နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၅) ကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ပထမအကြိမ်ကျင်းပခဲ့ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ တက်ရောက်ခဲ့ကြသည်။



## အမေရိကန်အစိုးရသစ်ကြောင့် ကမ္ဘာ့ကုန်သွယ်မှုအပေါ် သက်ရောက်လာနိုင်မှုများ

အမေရိကန်နှင့် ကမ္ဘာ့နိုင်ငံများ၏ ကုန်သွယ်မှု မူဝါဒ အပြောင်းအလဲများ၊အကောက်ခွန်အဆိုပြုချက်အသစ်များ နှင့်လတ်တလောဖြစ်ပေါ်ပြောင်းလဲနေသောထောက်ပံ့ရေး ကွင်းဆက်စိန်ခေါ်မှုများကြောင့် ကမ္ဘာ့ထောက်ပံ့ ပို့ဆောင်ရေး အခင်းအကျင်းသည် ပြန်လည် ပုံဖော်လျက်ရှိနေပါသည်။

ရွေးကောက်ခံသမ္မတ Trump က ပထဝီနိုင်ငံရေးနှင့် လုပ်ငန်းဆောင်ရွက်မှု အခက်အခဲများကြားမှ အကောက်ခွန်နှုန်း ပြောင်းလဲရန် ခြိမ်းခြောက်ခဲ့မှုသည် တင်သွင်းမှုပုံစံများ၊ ကုန်စည် ပို့ဆောင်နှုန်းများနှင့် ထောက်ပံ့ရေး ကွင်းဆက်ဗျူဟာများတွင် သိသာသောပြောင်းလဲမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။

### အကာအကွယ်ပေးမှု မူဝါဒများ

သမ္မတ Trump ၏ ပထမအကြိမ် သက်တမ်းသည် ပြင်းထန်သော ကုန်သွယ်မှု မူဝါဒများကြောင့် အမှတ်ထင်ထင်ဖြစ်ခဲ့သလို ဒုတိယအကြိမ် သက်တမ်းတွင်လည်း တရုတ်နှင့် အခြားအဓိက ကုန်သွယ်ဘက်များအပေါ် အကောက်ခွန် အခြေခံ မဟာဗျူဟာများဖြင့် ပြန်လည် ထွက်ပေါ်လာခဲ့ပါသည်။Trumpအဆိုပြုခဲ့သောအကောက်ခွန်နှုန်းများမှာ အမေရိကန်သို့ သွင်းကုန်အားလုံး အပေါ် ၁၀-၂၀ %၊ တရုတ်မှ သွင်းကုန်များအပေါ်၆၀-၁၀၀ % နှင့် တရားမဝင်မူးယစ်ဆေးဝါးကုန်သွယ်မှုများမရပ်တန့်သရွေ့ ကုန်ပစ္စည်း အားလုံးအပေါ် ထပ်တိုး အခွန်စည်းကြပ်မှု ၁၀% တို့ဖြစ်ပါသည်။

အခွန်အခများပြားလာသဖြင့် အဝတ်အထည်၊ ကလေးကစားစရာ၊ ပရိဘောဂနှင့် အိမ်သုံးပစ္စည်းများအတွက် စားသုံးသူကုန်ကျစရိတ်မြင့်တက်လာနိုင်သည်။၂၀၂၃ခုနှစ်တွင် တရုတ်အဝတ် အထည်များအပေါ် အကောက်ခွန်ကောက်ခံမှုကြောင့် အမေရိကန်ကုမ္ပဏီများနှင့် စားသုံးသူများအား အမေရိကန်ဒေါ်လာ ၁.၃ ဘီလီယံ ကုန်ကျစေခဲ့ပြီး အဆိုပြုအကောက်ခွန်အသစ်ကြောင့် စားသုံးသူများ အနေဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၃.၇ ဘီလီယံမှ ၂၄ ဘီလီယံကြား ကုန်ကျမည်ဟု ခန့်မှန်းထားကြပါသည်။

ထပ်လောင်း အခွန်စည်းကြပ်မှုများကြောင့် သဘောဖြင့် ပစိဖိတ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု ပမာဏ လျှော့ချနိုင်ပြီး ထောက်ပံ့ရေး ကွင်းဆက်များသည် အရှေ့တောင်အာရှ၊ အိန္ဒိယနှင့် လက်တင်အမေရိကတို့သို့ ထပ်ခွဲသွားနိုင်သည့်အပြင် ကမ္ဘာ့သဘော လမ်းကြောင်းများ ပြောင်း

လဲကာ အာရှမှကွန်တိန်နာသင်္ဘောပိုဆောင်မှု လိုအပ်ချက် လျော့နည်းစေမည်ဖြစ်သည်။

### အခွန်ကောက်ခံခြင်းမပြုမီ သွင်းကုန် တရှိန်ထိုး တိုးတက်လာနိုင်ခြင်း

စီးပွားရေး လုပ်ငန်းများသည် သင်္ဘောအမြန် တင်ပို့မှုကြောင့် ကုန်ကျစရိတ်တိုးလာမှုကို ရှောင်ရှားရန် သင်္ဘောနေရာလွတ်ရရှိရေးမှာ အရေးကြီးလာပြီးသွင်းကုန်လုပ်ငန်းများကို အရှိန်မြှင့် ဆောင်ရွက် လာနိုင်ပါသည်။ ထို့သို့ သွင်းကုန် တရှိန်ထိုး တိုးတက်လာပါက လက်ရှိဖြစ်ပွားနေသည့် ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်း အခြေခံအဆောက်အဦ၏ ဖိအားများ ပိုမိုများပြား လာမည်ဖြစ်ကာ အထူးသဖြင့် လုပ်ငန်းဆောင်ရွက်မှု အများဆုံး ကာလ (peak season) တွင် ပိုမိုကျပ်တည်းစေမည်ဖြစ်ပါသည်။

### ပင်လယ်ရေကြောင်း ကုန်စည်ပို့ဆောင်ခ နှုန်းထားများ မတည်ငြိမ်ခြင်း

အကောက်ခွန် အသစ်များကြောင့် သင်္ဘောတင်ခများလည်း ဈေးကြီးလာနိုင်ကာ အထူးသဖြင့် ပစိဖိတ်ဖြတ်ကျော် လမ်းကြောင်းများဖြစ်ကြောင်း၊ ဈေးနှုန်းကြီးမြင့်မှုကို စိုးရိမ်သော ကုမ္ပဏီများသည် တရုတ်နိုင်ငံ ပြင်ပ လမ်းကြောင်းများကို ရှာဖွေမည်ဖြစ်ပြီး Trump က မက္ကဆီကိုနှင့်ကနေဒါမှလာသော ကုန်စည်အားလုံးအပေါ်အခွန် ၂၅% ကောက်ခံမည်ဟု ပြောကြားထားပါသည်။



### ထောက်ပံ့ရေးကွင်းဆက်စိန်ခေါ်မှုများတိုးမြှင့်ခြင်း

အလုပ်သမား ဆိုင်ရာညှိနှိုင်းမှုများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် အပြီးမသတ်နိုင်ပါက မြောက်အမေရိက၏ ထောက်ပံ့ရေးကွင်းဆက်များတွင် အလုပ်သမား အငြင်းပွားမှုများ ဆက်လက် ခြိမ်းခြောက်နေမည် ဖြစ်ပါသည်။ တပြိုင်တည်းမှာပင် မွန်ထရီရယ်နှင့် ဗန်ကူးဗား ဆိပ်ကမ်းများအား မကြာသေးမီက ပိတ်ဆို့ထားမှုများသည် ကုန်သွယ်စီးဆင်းမှုများကို အနှောင့်အယှက်ဖြစ်စေခဲ့ပြီး Halifax အပါအဝင် အခြားဆိပ်ကမ်းများအား ဂယက်ရိုက်ခဲ့ပါသည်။ ဒုတိယအကြိမ် Trump အစိုးရသည် အမေရိကန်အကျိုးစီးပွားကို ရှေးရှုနိုင်ရေး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သဘောတူညီချက်များကို ပြန်လည်ပြင်ဆင်ခြင်း အပါအဝင် နိုင်ငံတကာ ကုန်သွယ်ရေး သဘောတူညီချက်များမှ နုတ်ထွက်ရန် ဦးစားပေး လုပ်ဆောင်နိုင်ပါသည်။ ထို့ကြောင့် မြောက်အမေရိက၏ ကုန်သွယ်စီးဆင်းမှုကို အနှောင့်အယှက်ဖြစ်စေနိုင်ပြီး ကမ္ဘာ့သင်္ဘောလိုင်းများအတွက် မသေချာမှုများ ဖြစ်စေနိုင်သည်။ ထို့အပြင် အထဝီဝင်နိုင်ငံရေး တင်းမာမှုများ ပိုမိုမြင့်မားလာကာ အရေးကြီး ရေလမ်းကြောင်းဖြစ်သည့် တောင်တရုတ်ပင်လယ်တွင် သက်ရောက်မှုရှိနိုင်ပါသည်။ အကောက်ခွန်မသေချာမှုများ၊ အလုပ်သမား အငြင်းပွားမှုများနှင့် ဝယ်ယူမှုဗျူဟာ အပြောင်းအလဲများကြောင့် ကမ္ဘာ့ကုန်သွယ်မှုအတွက် စိန်ခေါ်မှုကာလဖြစ်ပြီး ကုန်ကျစရိတ်မြင့်တက်လာခြင်းနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရှုပ်ထွေးမှုများကြောင့် သင်္ဘောလိုင်းများ ရေရှည်တွင် ခက်ခဲလာနိုင်ကာ စီးပွားရေးတည်ငြိမ်မှုအတွက် ပိုမိုကျယ်ပြန့်သော ဂယက်ရိုက်ခတ်မှုများ တွေ့ကြုံရမည်ဖြစ်သည်။

ရင်းမြစ်။ https://metro.global/news/



## ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှားက ဆန်တင်သွင်းခြင်းမပြုလျှင် ဆန်ဈေးကွက်အပေါ် အကျိုးသက်ရောက်မှု

အင်ဒိုနီးရှား အမျိုးသားစားနပ်ရိက္ခာ အေဂျင်စီက ပြည်တွင်းဆန် အရန်ဆန် လုံလောက်နေသောကြောင့် ၂၀၂၅ ခုနှစ်တွင် စီစဉ်ထားသည့်အတိုင်း ဆန်၊ ပြောင်း၊ သကြားနှင့် ဆားတို့ကို ဆက်လက်တင်သွင်းမည် မဟုတ်ကြောင်း၊ လာမည့်နှစ်တွင်လည်း တောင်သူများထံမှ ဝယ်ယူမည့် အရန်ဆန်တန်ချိန်ကို ၂.၅ သန်းထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ရာ ဆန်ဈေးကွက်အပေါ် အလားအလာများကို ဗီယက်နမ်စက်မှုနှင့် ကုန်သည်များအသင်း (VCCI) က သုံးသပ်ထားပါသည်။

လက်လီရောင်းချသူများ အပါအဝင် အင်ဒိုနီးရှား၏ အရန်ဆန်သည် ယခုနှစ်ကုန်တွင် တန်ချိန် ၈ သန်းထိရှိမည်ဟု ခန့်မှန်းထားပြီး အင်ဒိုနီးရှား ဗဟိုစာရင်းအင်းဌာန(BSP) ၏ အချက်အလက်များအရ ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းဆန်ထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်က စံချိန်တင်ထုတ်လုပ်မှု တန်ချိန် ၃၁.၁ သန်းထက် ၂.၄၃ % ကျဆင်းခဲ့ကာ တန်ချိန် ၃၀.၃၄ သန်းရှိကြောင်း၊ ကမ္ဘာနှင့်အဝှမ်း စိန်ခေါ်မှုများနှင့် ပြည်တွင်းလူဦးရေ တိုးပွားလာမှုကြောင့် ဝယ်လိုအားတက်နေချိန်တွင် အစိုးရက စားနပ်ရိက္ခာရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် စပါးစိုက်ပျိုးမြေဟက်တာ ၃ သန်း တိုးချဲ့မည်ဖြစ်ပါသည်။

အရှေ့တောင်အာရှတွင် လူဦးရေနှင့် ဆန်တင်သွင်းမှုအများဆုံးဖြစ်သည့် အင်ဒိုနီးရှားက ၂၀၂၅ ခုနှစ်တွင် ဆန်တင်သွင်းမှုကို ရပ်တန့်မည်ဆိုပါက နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားများစွာ ကျဆင်းသွားမည်ဖြစ်သည်။ အင်ဒိုနီးရှား ဗဟိုစာရင်းအင်း အေဂျင်စီ (BSP) ၏ အဆိုအရ ၂၀၂၄ ခုနှစ်၊ ပထမ ၁၁ လအတွင်း အင်ဒိုနီးရှားသည် ဆန်တန်ချိန် ၃.၈၅ သန်း (ထိုင်းနိုင်ငံမှ တန်ချိန် ၁.၁၉ သန်း၊ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁.၁၂ သန်း နှင့် မြန်မာနိုင်ငံမှ တန်ချိန် ၀.၆၄၂သန်း) တင်သွင်းခဲ့ပြီး ယခင်နှစ် အလားတူ ကာလထက် ၆၂ % တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ဗီယက်နမ်စီးပွားရေးသံမှူး မစ္စတာ Pham The Cuong က ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံနှင့် ဗီယက်နမ်ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ ဘီလီယံ ကျော်ဖြင့် ၄ နှစ်အတွင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိခဲ့ကြောင်း၊ ဆန်စပါးသည် ပို့ကုန်တန်ဖိုးအများဆုံးဖြစ်ကြောင်း၊ အင်ဒိုနီးရှားဈေးကွက်သို့ ဗီယက်နမ် ဆန်တင်ပို့မှုသည် တန်ချိန် ၁၁၂၀၃၃၉ ဖြင့် ၆.၂ % တိုးတက်ခဲ့ပြီး တန်ဖိုးမှာ ၁၀.၄ % တိုးတက်ခဲ့ကာ အမေရိကန်ဒေါ်လာ ၆၇၉ သန်းရှိခဲ့ကြောင်း အင်ဒိုနီးရှားသည် ဗီယက်နမ်၏ ဒုတိယအကြီးဆုံး ဆန်ဈေးကွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆန်ဈေးကွက် အလားအလာ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ မဲခေါင်မြစ်ဝှမ်းဒေသတွင် ဆန်အရောင်းအဝယ်မရှိပဲ ဆန်နှင့် ဆန်ထွက်ကုန်များ၊ ကောက်ပဲသီးနှံဈေးနှုန်းများ အနည်းငယ် အတက်ပြနေပါသည်။ ဗီယက်နမ် စားသောက်ကုန်အသင်း အဆိုအရ ၅ % စံချိန်ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၁၊ ၂၅% ဆန်ကွဲဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၄ နှင့် ၁၀၀ % ဆန်ကွဲ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၃ ဈေးပေါက်ကြောင်း၊ ဗီယက်နမ်၏ ၂၀၂၄ ခုနှစ် ဆန်တင်ပို့မှုသည် ပထမဆုံးအကြိမ် တန်ချိန် ၉ သန်းနှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၅.၈ ဘီလီယံရရှိခဲ့သဖြင့် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများကလည်း ၂၀၂၅ ခုနှစ်အတွက် ဆန်အရောင်းအဝယ် စာချုပ်များကို ချုပ်ဆိုခဲ့ကြကြောင်း၊ သို့သော် ဗီယက်နမ်ကုန်စည်ဒိုင် အဆိုအရ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာပေါ်တွင် ဆန်ပေါများလာမည်ဖြစ်၍ ဗီယက်နမ်အပါအဝင် နိုင်ငံအများအပြား၏ ဆန်တင်ပို့မှုသည် ၂၀၂၄ ခုနှစ်ထက် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့နိုင်ကြောင်း၊ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံအများစုက စားနပ်ရိက္ခာထောက်ပံ့မှု တိုးမြင့်လာစေရန် ကြိုးပမ်းနေကြသည့်အပြင် အိန္ဒိယကလည်း ဆန်ရောင်းချမှုကို ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် ပျမ်းမျှဆန်ပို့ကုန်ဈေးနှုန်းကျဆင်းသွားနိုင်ကြောင်း၊ သို့သော် ဈေးကွက်လိုအပ်ချက်အလိုက် အရည်အသွေးမြင့် ဆန်တင်ပို့မည်ဆိုပါက ဗီယက်နမ်ဆန်အတွက် အခွင့်အလမ်းများ ရှိနေသေးကြောင်း သုံးသပ်ထားပါသည်။

လက်ရှိတွင် ဗီယက်နမ်ဆန် ပို့ကုန်ဈေးနှုန်းသည် ထိုင်းဆန်ပို့ကုန်ဈေးထက် တစ်တန်လျှင် ၃၉ ဒေါ်လာ ကျဆင်းနေကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များက စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနနှင့်

ဒေသတောင်သူများ ပူးပေါင်းအကောင်အထည်ဖော်မည့် အရည်အသွေးမြင့် စပါးစိုက်ဧရိယာ ဟက်တာ ၁ သန်း စီမံကိန်းကို အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ရန် မျှော်လင့်ထားကြောင်းသိရသည်။ ယင်းသို့ ဆောင်ရွက်နိုင်ပါက အီးယူ၊ ဂျပန်၊ တရုတ်နှင့် အရှေ့အလယ်ပိုင်း စသည့် အရည်အသွေးမြင့်ဆန် ဝယ်ယူသော ဈေးကွက်များကို ဝင်ရောက်နိုင်မည် ဖြစ်ကြောင်း၊ အရည်အသွေးမြင့်ဆန်သည် ဗီယက်နမ်အနေအထားကို ခိုင်မာစေရုံသာမက စားသောက်ကုန် သိုလှောင်မှုကြောင့် ဖြစ်ပေါ်လာသည့် ဈေးကွက်ဖိအားကို လျှော့ချပေးကာ ကြိုက်ဈေးညှိနှိုင်းနိုင်ကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သည်များအသင်း (VCCI) က သုံးသပ်ထားပါသည်။



**AI ကို အလွဲသုံးစားပြု၍ သတင်းမှားများဖြန့်ဝေခြင်းမှ တားဆီးရန် AI အမှတ်တံဆိပ်(label) ဆိုင်ရာ လမ်းညွှန်ချက်များကို တရုတ်အာဏာပိုင်များ ထုတ်ပြန်**

AI ကို အလွဲသုံးစားပြု၍ သတင်းမှားများဖြန့်ဝေခြင်းမှ တားဆီးနိုင်ရန် AI အသုံးပြုထုတ်လုပ်ထားပြီး အွန်လိုင်းတွင် ဖြန့်ဝေသည့် အကြောင်းအရာများအား အမှတ်တံဆိပ် (label) ကပ်ရန် လမ်းညွှန်ချက်ကို တရုတ်အာဏာပိုင်များက သောကြာနေ့တွင် ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံ၊ ဆိုက်ဘာစီမံခန့်ခွဲရေးအဖွဲ့ (Cyberspace Administration)၊ စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ အမျိုးသားလုံခြုံရေးဝန်ကြီးဌာန၊ တရုတ်ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်းထုတ်ပြန်သည့် အဆိုပါ စည်းမျဉ်းများသည် စက်တင်ဘာ ၁ ရက်မှစ၍ အသက်ဝင်မည်ဖြစ်ပါသည်။


လမ်းညွှန်ချက်အရ AI နည်းပညာ အသုံးပြု ထုတ်လုပ်ထားသော စာသားများ၊ ရုပ်ပုံများ၊ အသံဖိုင်များ၊ သီချင်းများ၊ ဗီဒီယိုများနှင့်ပုံရိပ်တုမြင်ကွင်းများကို မြင်သာစွာဖြစ်စေ၊ မသိမသာဖြစ်စေ အမှတ်တံ ဆိပ်ကပ်ထားရမည်ဖြစ်ပါသည်။ deep fake ခေါ် Deep Synthesis Technologies အသုံးပြု၍ အတု ပုံစံပြုလုပ်ထားသော အကြောင်းအရာများ (fake content)သည် အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်နိုင်သောကြောင့် အဆိုပါ အကြောင်းအရာ သို့မဟုတ် user interface တွင် ရှင်းလင်းချက် label ကို တိကျစွာ ဖော်ပြရမည်ဖြစ်သည်။ ထို့ပြင် အကြောင်းအရာတွင် ပါဝင်မှုများ (content attributes)၊ အင်တာနက် ဝန်ဆောင်မှုပေးသူ (Service Provider) အမည် သို့မဟုတ် ကုဒ်နံပါတ်၊ အကြောင်းအရာ၏ ကိုယ်ပိုင်အမှတ် (content identification number) စသည့် အချက်အလက်များကို နောက်ကြောင်းပြန်လိုက်နိုင်သည့် metadata ဖိုင်များ၌ ထည့်သွင်းထားရန် လိုအပ်ပါသည်။

အင်တာနက်ဝန်ဆောင်မှုပေးသူများသည် အွန်လိုင်းတွင် လွှင့်တင်သည့် အကြောင်းအရာများ၏ metadata များကို စစ်ဆေးပြီး AI အသုံးပြုထားကြောင်းကို အများပြည်သူ ထင်ရှားစွာသိရှိရန် ဖော်ပြပေးရမည်ဖြစ်သည်။ AI နည်းပညာကို စီးပွားရေးအကျိုးအမြတ်နှင့် နာမည်ကျော်ကြားရန် အသုံးပြုကြသလို နာမည်ကြီးသူများ၏ ရုပ်နှင့်အသံတို့ တုပအသုံးပြုကာ deep fake များ ဆောင်ရွက်လာကြသဖြင့် အဆိုပါချိုးဖောက်မှုအပေါ် ဥပဒေကြောင်းအရ အရေးယူရန် လိုအပ်လျက်ရှိပါသည်။

AI နည်းပညာ အသုံးပြုထုတ်လုပ်ထားသော အကြောင်းအရာများအတွက် ဥပဒေများ၊ စည်းမျဉ်းများ ထုတ်ပြန်ပေးရန်ကို ၂၀၂၃ ခုနှစ်တွင် ကျင်းပခဲ့သော တရုတ်နိုင်ငံ၏ ၁၄ ကြိမ်မြောက် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော် ဒုတိယဥက္ကဋ္ဌဖြစ်သူ ရှောင်မီကော်ပိုရေးရှင်း တည်ထောင်သူ Lei Jun နှင့် တရုတ်မင်းသား Jin Dong တို့က အဆိုပြုခဲ့ကြခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ၊

ဆက်သွယ် ရေးတက္ကသိုလ်(Communication University) မှ ပါမောက္ခတစ်ဦးက တရုတ်နေ့စဉ်သတင်းစာနှင့် တွေ့ဆုံရာတွင် label မပါရှိသော AI ဖြင့် ထုတ်လုပ်ထားသော အကြောင်းအရာများ အင်တာနက်တွင် ပြန့်နှံ့နေမှုသည် အင်တာနက်ဂေဟစနစ်နှင့် အုပ်ချုပ်မှုစနစ်တို့ကို စိန်ခေါ်မှုများဖြစ်စေကြောင်း၊ ၎င်းတို့အတွက် ဥပဒေများ ပြဋ္ဌာန်းရန်နှင့် အဆိုပါဥပဒေများသည် အမြဲတမ်း ခေတ်မီရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ရင်းမြစ်။ chinadaily.com




## ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူစေရန် TradeNet 2.0 အဆင့်မြှင့်တင်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည့် TradeNet 2.0 ကို အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ရာ Online CO Application မှ လျှောက်ထားဆောင်ရွက်နေသည့် Form (၁၂) မျိုးအနက် Form (၇) မျိုးတွင် လက်မှတ်နမူနာများ ထည့်သွင်းထားသည့် TradeNet 2.0 https://old. myanmar tradenet.com/ login.cfm? Signature=1 မှ လက်မှတ် နမူနာများကို URL အသစ်ဖြစ်သည့် https://signature.Myanmartradenet.Com/ တွင် ပြန်လည်ထည့်သွင်းရမည်ဖြစ်ကြောင်း ၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက်က အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။

ကုန်သွယ်ရေးဦးစီးဌာနသည် ပင်ရင်း နိုင်ငံသက်သေခံလက်မှတ် (Certificate of Origin-CO Form) (၁၂) မျိုးအနက် Form D ၊ Form E(China) ၊ From AK၊ Form AJ၊ Form AANZ ၊Form AHK နှင့် Form RCEP စသည့် (၇) မျိုးကို အီလက်ထရောနစ် စနစ် (E Signature) ဖြင့် လက်မှတ်ကပ်၍ ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

အဆိုပါ CO Form (၇) မျိုးကို လျှောက်ထား အသုံးပြုလျက်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ယခင် ထည့်သွင်းထားသည့် လက်မှတ်နမူနာများကို Trade Net 2.0 URL အသစ် ဖြစ်သည့် https://signature. Myanmar Trade net.com တွင် ပြန်လည် ထည့်သွင်းပေးနိုင်ပါရန်နှင့် ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်အတွင်း CO Form စတင် လျှောက်ထားအသုံးပြုမည့်သူများ အနေဖြင့် URL အသစ်တွင် သာမက လက်ရှိ URL တွင်ပါ သတ်မှတ်ချက်နှင့်အညီ ထည့်သွင်းပေးနိုင်ပါရန် အဆိုပါ အသိပေး ကြေညာချက်တွင် ဖော်ပြပါရှိသည်။

## တရားမဝင် ကုန်ပစ္စည်းများကို ထိုင်းအစိုးရ ပြင်းထန်စွာအရေးယူမည်

ထိုင်းနိုင်ငံအစိုးရ တာဝန်ရှိသူများက ဘတ် ၁၆ ဘီလီယံ အထိ ဆုံးရှုံးနစ်နာစေသည့် တရားမ ဝင်ကုန်ပစ္စည်းများနှင့် ထိုင်းနိုင်ငံသား အမည်ခံထားသည့် နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများကို နှိမ်နင်းရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းကိစ္စကို ဆောင်ရွက်နိုင်ရန်အတွက် ထိုင်းအစိုးရက ကော်မတီနှစ်ရပ် ဖွဲ့စည်းကာ နှိမ်နင်း မည်ဖြစ်ကြောင်းနှင့် လက်ရှိတွင် နိုင်ငံကို ဘတ် ၁ ဒသမ ၂၅ ဘီလီယံ ဆုံးရှုံးစေသည့် တရားမဝင် ကုန်ပစ္စည်းအမှုပေါင်း ၂၄၆၂၆ မှုကို အရေးယူခဲ့ ပြီးပြီဖြစ်ကြောင်း ထိုင်းအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ထိုင်းအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အွန်လိုင်းတွင် ရောင်းချနေသည့် ကုန်ပစ္စည်းနှင့် ထိုင်းကို တင်သွင်းနေသည့် ကုန်ပစ္စည်းများအတွက် စုံစမ်းစစ်ဆေးမှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီးဘေးကင်းလုံခြုံမှုနှင့်အရည်အသွေးပြည့်မီမှုကို အဓိကထား စစ်ဆေးသွားမည်ဟု ဆိုသည်။

ထိုင်းနိုင်ငံသား အမည်ခံထားသည့် နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းများက ထိုင်းနိုင်ငံကို ဘတ် ၁၅ ဒသမ ၁၂ ဘီလီယံ ဆုံးရှုံးစေသည့် စီးပွားရေးလုပ်ငန်း ၈၅၁ ခုကို အရေးယူထားပြီးဖြစ်သည်။ ဆက်လက်ပြီး နိုင်ငံခြားသားများကို ကန့်သတ်ထားသည့် စီးပွားရေးလုပ်ငန်းများအား အထူး ကြပ်မတ် စစ်ဆေးသွားမည်ဟု ဆိုသည်။

Source; Bangkokpost



## ဘရာဇီးနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု တိုးမြှင့်မည်

ဘရာဇီးနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှု တိုးမြှင့်နိုင်ရန် ယခု ၂၀၂၅ ခုနှစ်အတွင်း ဥပဒေပြုရေး အဆိုပြုချက်များ ရေးဆွဲသွားမည်ဖြစ်ကြောင်း ဘရာဇီး-အာဆီယံလွှတ်တော်အဖွဲ့ စတင် မိတ်ဆက်သည့် အခမ်းအနားတွင် ဘရာဇီး - အာဆီယံ လွှတ်တော်အဖွဲ့ ဥက္ကဋ္ဌ၊ အောက်လွှတ်တော်အမတ်ဖြစ်သူ Waldemar Oliveiraက ပြောသည်။

အဆိုပါ ဘရာဇီး-အာဆီယံ လွှတ်တော်အဖွဲ့ စတင် မိတ်ဆက်သည့် အခမ်းအနားသို့ ဘရာဇီး နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကျော်ဇံ တက်ရောက်ခဲ့ပြီး ဘရာဇီးလျားမြို့ အခြေစိုက် အာဆီယံသံရုံး အကြီးအကဲ များ၊ အာဆီယံ-ဘရာဇီးလျားကော်မတီ အဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြောင်းသိရသည်။

**"ဘရာဇီး-အာဆီယံ လွှတ်တော်အဖွဲ့အနေနဲ့ ဘရာဇီး နိုင်ငံနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေအကြား ကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် ဒီနှစ်အတွင်းမှာပဲ ဥပဒေပြုရေး အဆိုပြုချက်ကို ရေးဆွဲသွားမှာ ဖြစ်တယ်"**ဟု ဘရာဇီး-အာဆီယံ လွှတ်တော်အဖွဲ့ ဥက္ကဋ္ဌ၊ အောက်လွှတ်တော် အမတ် Waldemar Oliveira က အဖွင့်အမှာစကား ပြောကြားခဲ့ရာတွင် ထည့်သွင်းပြောဆိုခဲ့သည်။

ထို့ပြင် ဘရာဇီး-အာဆီယံ လွှတ်တော်အဖွဲ့ဒုတိယဥက္ကဋ္ဌ၊ အောက်လွှတ်တော် အမတ် Fausto Pinato၊ ဘရာဇီးနိုင်ငံ ဆိပ်ကမ်းနှင့် လေဆိပ်များ ဝန်ကြီး HE. Mr. Sílvio Costa Filho၊ အာဆီယံ-ဘရာဇီးလျားကော်မတီဥက္ကဋ္ဌ ဘရာဇီး နိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး HE. Mr. Bui Van Nghi နှင့် ဘရာဇီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ရေးရာအတွင်းဝန် Ambassador Eduardo Paes-Saboia တို့က အသီးသီး ပါဝင်ဆွေးနွေးခဲ့ရာ ဘရာဇီး-အာဆီယံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ခိုင်မာစေရေး ကိစ္စရပ်များကို အလေးအနက်ထား ပြောကြားခဲ့ကြသည်။



## ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများမျှဝေခြင်းဖြင့် ကုန်သွယ်မှုတိုးတက်စေမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ပံ့ပိုး ကူညီပေးလျက် ရှိသည်။

နိုင်ငံတကာနှင့် ဆက်သွယ်၍ ပို့ကုန်တင်ပို့ခြင်း၊ သွင်းကုန် တင်သွင်းခြင်း လုပ်ငန်းများကို စတင် လုပ်ကိုင်မည့် လုပ်ငန်းရှင်များအတွက်အထောက်အကူဖြစ်စေမည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန အနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အခြေခံသင်တန်းများအား အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတွင် လုပ်ကိုင်သူများကုန်သွယ်မှုဗဟုသုတရရှိစေရန်၊ ကုန်သွယ်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရန်၊ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချ ပေးလျက ရှိသည်။

ဖွင့်လှစ်ပြီးသင်တန်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁) မှ (၁၂) ထိ သင်တန်းသား ဦးရေ ၉၇၉ ဦး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အဆင့်မြင့်သင်တန်း အမှတ်စဉ် (၁) မှ (၃) ထိ သင်တန်းသား ဦးရေ ၉၇ ဦး၊ စနေနှင့် တနင်္ဂနွေနေ့များ (Weekend Programme) အား အမှတ်စဉ် (၁) မှ (၁၀) အထိ သင်တန်းသား ဦးရေ ၉၃၅ ဦး ၊ တနင်္လာနေ့မှ သောကြာနေ့ထိ Short Course ရက်တိုသင်တန်းအား အမှတ်စဉ် (၁) မှ (၈) ထိ သင်တန်းသားဦးရေ ၅၉၅ ဦး အထိ ဖွင့်လှစ်ထားပြီး ဖြစ်သည်။

အဆိုပါ သင်တန်းများတွင် ကုမ္ပဏီ စတင် တည်ထောင်ရာတွင် သိသင့်သည့်အချက်များ၊ ကုန်သွယ်မှု ပြုလုပ်နိုင်ရေး အတွက် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင် ဆောင်ရွက်ရယူရာတွင် လိုအပ်သည့် အချက်များ၊ Trade Net 2.0 အသုံးပြုပုံနည်းလမ်းများ၊ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်နှင့် အခွန်သက်သာခွင့် လျှောက်ထားရယူရာတွင် သိရှိထားရမည့် အချက်များ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ပြုရာတွင် သုံးစွဲသည့်စနစ်များနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရာတွင် သိထားသင့်သည့် အချက်များ၊ ကုန်ပစ္စည်းအမယ်များ အလိုက် သတ်မှတ်ဖော်ပြရသည့် H.S Code များ၊ အခွန်ဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ၊ သဘော်မတင်မီ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ တင်သွင်းမည့် ကုန်ပစ္စည်းများ အလိုက် ထောက်ခံချက် ရယူရမည့်ဌာနများ၊ အကောက်ခွန်ဆိုင်ရာဥပဒေများ၊ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရယူရာတွင် သိရှိလိုက်နာရမည့် အချက်များ အပြင် အခြား သိသင့်သိထိုက်သည့် ဘာသာရပ်များအား စာတွေ့ ၊ လက်တွေ့ ဖြည့်စွက်ပို့ချပေးလျက်ရှိသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်း စတင်လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ သာမက လက်ရှိ လုပ်ကိုင် နေသည့် လုပ်ငန်းရှင်များပါ ကုန်သွယ်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး ကုန်သွယ်မှု လုပ်ငန်းများနှင့် ဆက်စပ်နေသည့် အခြားလုပ်ငန်းကိစ္စရပ်များကိုပါ သိရှိနိုင်မည်ဖြစ်ရာ တက်ရောက်လိုသည့် သင်တန်းသားများသည် ကုန်သွယ်မှုသင်တန်းကျောင်း၊ ရန်ကုန်မြို့၊ တယ်လီဖုန်း အမှတ် ၀၁-၂၅၀၈၇၁၊ Email – tti.commerce.mm@gm ail.com တို့သို့ ဆက်သွယ်မေးမြန်း တက်ရောက်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

## ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ထရီလီယံဖြင့် ယခင်နှစ်ကထက် ၃.၇% တိုးတက်ခဲ့ကြောင်း UNCTAD ခန့်မှန်း

ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ထရီလီယံဖြင့် စံချိန်တင် မြင့်တက်ခဲ့ပြီး ယခင်နှစ်ကထက် ၃.၇% တိုးလာခဲ့ကြောင်း၊ အဆိုပါ တိုးတက်မှုတွင် ဝန်ဆောင်မှုကဏ္ဍက အဓိကဖြစ်ပြီး ပြီးခဲ့သည့်နှစ်ကထက် ၉ % များပြားခဲ့ကာ တန်ဖိုးကန်ဒေါ်လာ ၇၀၀ ဘီလီယံဖြင့် စုစုပေါင်းတိုးတက်မှု၏ ၆၀ % ခန့်ရှိကြောင်း၊ ကုန်စည်ကုန်သွယ်မှုသည် ၂ % သာတိုးတက်ခဲ့ပြီး ကန်ဒေါ်လာ ၅၀၀ ဘီလီယံရှိခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပထမသုံးလပတ်အထိ အဆိုပါ အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်ရန် မျှော်လင့်ကြောင်း ကုလသမဂ္ဂ ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ညီလာခံ (UNCTAD) ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

UNCTAD ၏ သုံးသပ်ချက်များအရ ကမ္ဘာ့ကုန်သွယ်မှုအရွေ့သည် ဆက်လက်ပြောင်းလဲနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် တရုတ်နှင့်အိန္ဒိယတို့သည် ကုန်သွယ်ဘက် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ပိုမိုသာလွန်ကြောင်း၊ ခေတ်မီသော နိုင်ငံအများအပြားသည် ငွေကြေးလဲလှယ်မှု အခက်အခဲများနှင့် ရင်ဆိုင်နေရစဉ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများက ပို့ကုန်တိုးမြင့်လာမှုနှင့် ပြည်တွင်းဝယ်လိုအားကြောင့် တိုးတက်မှု အရှိန်အဟုန်ကို ထိန်းထားနိုင်ခဲ့ကြောင်း မီးမောင်းထိုးပြခဲ့သည်။

၂၀၂၄ ခုနှစ်တွင် တရုတ်၏ကုန်သွယ်မှုပိုငွေသည် သိသိသာသာတိုးလာခဲ့သော်လည်း အမေရိကန်၏ ကုန်သွယ်မှုလိုငွေသည် ပိုမိုများပြားလာကာ သွင်းကုန်ကို ပိုမိုမှီခိုလာကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကုန်သွယ်မှု၊ အပြန်အလှန်ဖလှယ်မှုတို့သည် ကမ္ဘာ့ကုန်သွယ်မှုတိုးတက်ရေး အဓိက တွန်းအားတစ်ခုအဖြစ် ဆက်လက်ရှိနေခဲ့ကြောင်း ဖော်ပြထားပါသည်။

### ဝန်ဆောင်မှုကုန်သွယ်ရေးတိုးတက်လာခြင်း

ဝန်ဆောင်မှုကုန်သွယ်ရေးသည် ၂၀၂၄ ခုနှစ်၊ စတုတ္ထသုံးလပတ်အထိ အရှိန်အဟုန်ဖြင့် တိုးတက်နေခဲ့ပြီး ကုန်စည်ကုန်သွယ်ရေးမှာ နှေးကွေးသွားခဲ့သည်။

### အကောက်ခွန်နှင့်ကုန်သွယ်မှုအတားအဆီးများ

ကမ္ဘာ့ကုန်သွယ်မှုသည် ယေဘုယျအားဖြင့် တိုးတက်သော်လည်း ကုန်သွယ်မှုအတားအဆီးများရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ ဈေးကွက်ဝင်ရောက်ရေးအတွက် အခွန်နှုန်းများ မြင့်မားကာ အထူးသဖြင့် လယ်ယာနှင့် ကုန်ထုတ် လုပ်ငန်းများတွင်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအတွက် ကုန်ကျစရိတ်တိုးစေပြီး တိုးတက်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို ထိန်းချုပ်သလိုဖြစ်နေကြောင်း၊ ကုန်ကြမ်းများထက်ပြုပြင်ထုတ်လုပ်ထားသည့် ကုန်ပစ္စည်းများအပေါ် အခွန်ပိုကောက်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်မှုထွန်းကားရေးတွင် အဓိကအတားအဆီး ဖြစ်နေကြောင်း သတိပေးထားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှ လယ်ယာပို့ကုန်များသည် မြင့်မားသောသွင်းကုန်ခွန်နှင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး ပျမ်းမျှအားဖြင့် MFN အခွန်နှုန်းကိုပင် ၂၀ % နီးပါးရှိကြောင်း၊ အလားတူ အထည်အလိပ်နှင့် အဝတ်အထည်ပို့ကုန်များကိုလည်း အမြင့်ဆုံး အကောက်ခွန်နှုန်းထား ကောက်ခံသဖြင့် ယှဉ်ပြိုင်နိုင်စွမ်းကို ကန့်သတ်ထားကြောင်း ဖော်ပြထားပါသည်။

### ၂၀၂၅ ခုနှစ်၏ မသေချာမရေရာမှုများ

ပထဝီဝင်နိုင်ငံရေးတင်းမာမှုများ၊ ကုန်သွယ်ရေးအငြင်းပွားမှုများနှင့် အကာအကွယ်ပေးရေး မူဝါဒများတိုးလာနေခြင်းက ၂၀၂၅ ခုနှစ်၏ ကမ္ဘာ့အရောင်းအဝယ် ကိစ္စများကို အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း၊ စိုးရိမ်ဖွယ်အချက်များအဖြစ် (က) ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲများအဖြစ် စက်မှုလုပ်ငန်းအချို့ကို ပစ်မှတ်ထားသော အကောက်ခွန်အသစ်များ ထွက်ပေါ်လာနိုင်ပြီး ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်များကို ပြန်လည်ပုံဖော်လာနိုင်ခြင်း၊ (ခ) အမေရိကန်၊ တရုတ်အပါအဝင် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများအကြား လက်တုံ့ပြန် အကောက်ခွန်များ ဆက်လက်စည်းကြပ်ကာ ကမ္ဘာ့ကုန်သွယ်မှုကို ထိခိုက်စေခြင်း၊ (ဂ) အစိုးရများက အမျိုးသား စက်မှုကဏ္ဍများ သတ်မှတ်ပြီး နိုင်ငံတကာ ကုန်သွယ်မှုကို အကျိုးသက်ရောက်စေမည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အရေးကြီးသော သတ္တုတွင်းထွက်များတွင် အထောက်အပံ့ပေးမှုများနှင့် စက်မှုမူဝါဒများ ချမှတ်ကျင့်သုံးလာနိုင်ခြင်း၊ (ဃ) ကွန်တိန်နာ သင်္ဘောတင်လုပ်ငန်းများ ကျဆင်းနေမှုကြောင့် လာမည့်သုံးလပတ်များတွင် စီးပွားရေးနှေးကွေးမှု အန္တရာယ်များ ဖြစ်လာနိုင်

ခြင်း တို့ပါဝင်ကြောင်း၊ သို့ရာတွင် တရုတ်၏ စီးပွားရေး တိုးတက်မှုအတွက် ထောက်ပံ့မှု (economic stimulus) နှင့် ကမ္ဘာ့ငွေကြေးဖောင်းပွမှုလျှော့ချရေး အစီအစဉ်တို့က လည်း ကုန်သွယ်မှုတိုးတက်ရေး ပံ့ပိုးပေးနိုင်ကြောင်း ဖော်ပြထားပါသည်။

### ကဏ္ဍအလိုက်ကုန်သွယ်မှုလမ်းကြောင်းများ

၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုတိုးတက်မှုသည် ကဏ္ဍ အလိုက် သိသိသာသာကွဲပြားခဲ့ကြောင်း၊ ရုံးသုံး စက်ကိရိယာများနှင့် ဆေးဝါးများသည် ပုံမှန်ထက် တိုးတက်ခဲ့ပြီး စွမ်းအင်ကဏ္ဍသည် သိသိသာသာ ကျဆင်း ခဲ့ကြောင်း၊ တတိယသုံးလပတ်တွင် လယ်ယာစားနပ်ရိက္ခာ များ၊ ဆက်သွယ်ရေး စက်ကိရိယာများနှင့် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများ မြင့်တက်လာသော်လည်း အထည်ချုပ်လုပ်ငန်းများနှင့် တွင်းထွက်လုပ်ငန်းများ အားနည်းခဲ့ပါသည်။

### ကမ္ဘာ့ကုန်သွယ်မှုမညီမျှမှုများ

အစီရင်ခံစာအရ အမေရိကန်သည် ကမ္ဘာ့ကုန်သွယ်မှု လိုငွေ အများဆုံးနိုင်ငံအဖြစ် ဆက်ရှိနေကာ တရုတ်သည် ကုန်သွယ်မှုပိုငွေ အများဆုံးနိုင်ငံအဖြစ် စံချိန်တင်ထား ကြောင်း၊ ပြီးခဲ့သည့်နှစ်များက ကုန်သွယ်မှုလိုငွေပြခဲ့သည့် အီးယူသည် စွမ်းအင်ကုန်သွယ်မှု အပြောင်းအလဲကြောင့် ၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုပိုလျှံမှုသို့ ပြန်လည် ရောက်ရှိခဲ့ကြောင်း၊ အမေရိကန်နှင့် တရုတ်တို့ကြား ကုန်သွယ်မှု၌ မညီမျှမှုသည် ပိုမိုသိသာလာပြီး ကမ္ဘာ့ စီးပွားရေး မသေချာမရေရာမှုကို ဖြစ်ပေါ်စေကြောင်း၊ ၂၀၂၅ ခုနှစ်၏ ကမ္ဘာ့ကုန်သွယ်မှုသည် အကာအကွယ် ပေးရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကြား ဟန်ချက်ညီစေရန် မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှုများ ဖြစ်စေနိုင် ကြောင်း၊ အရှိန်အဟုန်ကိုထိန်းထားရန်နှင့် ပေါ်ပေါက် လာသော စွန့်စားရမှုများကို ထိန်းကြောင်းနိုင်ရန် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ခြင်းနှင့် မဟာဗျူဟာမြောက် ကုန်သွယ်ရေးမူဝါဒများက အရေးကြီးကြောင်း UNCTAD ၏ အစီရင်ခံစာအလေးပေး ဖော်ပြထားပါသည်။

ရင်းမြစ် - https://www.arabnews.com/node/2593774/business-economy

## ကမ္ဘာ့ကော်ဖီဈေးနှုန်းမြင့်တက်မှုကြောင့် ဘရာဇီးကော်ဖီစိုက်တောင်သူများမှ လက်ကျန်နည်းပါးသည်အထိ ရောင်းချ

ဘရာဇီး၌ ကမ္ဘာ့အဆိုးဆုံး မိုးခေါင်ရေရှားမှုများအပြီး ကမ္ဘာ့ကော်ဖီဈေးနှုန်းသည် ၁၄ လအတွင်း ၂ ဆ နီးပါး စံချိန်တင်မြင့်တက်ခဲ့သည့်အတွက် ဘရာဇီး ကော်ဖီစိုက် တောင်သူများက ၎င်းတို့ကော်ဖီများကို ကော်ဖီသီးနှံသစ် မပေါ်မီ ရောင်းချခဲ့ကြကြောင်း၊ ပြီးခဲ့သည့်နှစ်က Star-bucks ကော်ဖီတစ်ခွက်လျှင် ၁၆ % ဈေးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃.၈၅ ဖြစ်ခဲ့ကြောင်း၊ Nespresso coffee-pod တစ်ခုလျှင် ယခင်က အမေရိကန်ဒေါ်လာ ၁.၃ မှ ၁.၄၅ သို့ ဈေးတက်ခဲ့ကြောင်း၊ နပ်ကော်ဖီအဖြစ် အသုံးပြုသည့် အာရေဗီးကားကော်ဖီစေ့သည် ၂၀၂၄ ခုနှစ် အတွင်း ၇၀ % နှင့် ယခုနှစ်တွင် ၂၀ % ဈေးတက်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၁ ရက်နေ့ ပေါက်ဈေးအရ တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၄.၃ ရှိခဲ့ကြောင်း၊ အသင့်ဖျော် ကော်ဖီ တွင် အသုံးပြုသည့် ရိုဘတ်စတာကော်ဖီသည် ၂၀၂၄ ခုနှစ် အတွင်း ၇၂% ဈေးတက်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၂ ရက်နေ့ ပေါက်ဈေးအရ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၄၇ ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင်လည်း ထုတ်လုပ်မှုထက် သောက်သုံးမှုပိုမိုမည်ဟု ခန့်မှန်းထားကြောင်း The Finan-cial Express မှ ဖော်ပြထားပါသည်။

ကမ္ဘာ့ကော်ဖီ အများဆုံးစိုက်ပျိုးသည့် ဘရာဇီးသည် ၂၀၂၄ ခုနှစ်တွင် ကော်ဖီအများဆုံး တင်ပို့ခဲ့သော်လည်း ရိုဘတ်စတာကော်ဖီ အများဆုံးတင်ပို့သည့် ဗီယက်နမ် သည် ရာသီဥတုဆိုးဝါးမှုကြောင့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီ တင်ပို့မှုသည် ၂၀၂၃ ခုနှစ်ကထက် ၁၇.၂ % လျော့နည်းခဲ့ ကြောင်း၊ ကော်ဖီသီးနှံသစ် မထွက်မီကာလအထိ ယခုကဲ့သို့ ပစ္စည်းပြတ်လပ်မှုမျိုး ဘရာဇီး၌ တစ်ခါမှ

မကြုံဘူး ကြောင်း ကမ္ဘာ့အကြီးဆုံး ကော်ဖီသမအသင်း (Co-op) ဖြစ်သည့် Cooxupe မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

Cooxupeမှတာဝန်ရှိသူများခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ်အတွင်း ဘရာဇီးကော်ဖီစိုက် တောင်သူများသည် ထုတ်လုပ်မှု၏ ၈၈ % ကို ရောင်းချခဲ့ပြီးလက်ကျန် ၈%သာ ရှိကြောင်း၊ မေနှင့် ဇွန်လများတွင် ကော်ဖီသီးနှံအသစ်များ စတင်ရိတ်သိမ်းနိုင်ပြီး ဇူလိုင်လမကုန်မီအထိ တင်ပို့ရောင်းချနိုင်မည်ဟု မထင်ကြောင်း၊ ကော်ဖီစိုက်တောင်သူတစ်ဦးက ကော်ဖီအကုန်ရောင်းချလိုက်ကြောင်းနှင့် မေလကုန်ခါနီးမှသာ သီးနှံသစ် ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ အခြားကော်ဖီစိုက်တောင်သူတစ်ဦးက ယခုနှစ်တွင် ၎င်း၏ စိုက်ပျိုးမှုမှ အနည်းငယ်သာ ထွက်ရှိမည်ဖြစ်သဖြင့် ကော်ဖီလက်ကျန် ၄၀ % ထိန်းသိမ်းထားကြောင်း၊ အမေရိကန်အကြိုက် အရည်အသွေးမြင့် ကော်ဖီရောင်းချသူများကလည်း ကော်ဖီတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၄.၅၀ ထိ ဈေးနှုန်းရရန် ညှိနှိုင်းလျက်ရှိကြောင်း စသည့် ၂၀၂၅ ခုနှစ်အတွက် ကော်ဖီ ခန့်မှန်းချက်များကို The Financial Express မှ ဖော်ပြထားပါသည်။

ရင်းမြစ်။ The Financial Express



## အမေရိကန်နိုင်ငံမှ လက်ရှိကျင့်သုံးမည့် ကုန်သွယ်မှုမူဝါဒသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကြီးထွားနေသော တောင်အမေရိကတိုက်အပေါ် အကျိုးသက်ရောက်မှုနည်းပါးနိုင်

ပြီးခဲ့သည့် ၁၀ စုနှစ်အတွင်း တောင်အမေရိကတိုက်ရှိ ကုန်စည်အများအပြားထုတ်လုပ်သည့် ဘရာဇီး၊ ချီလီ၊ ပီရူး စသည့် နိုင်ငံများ၏ တရုတ်သို့ တင်ပို့မှုသည် ၂ဆ မြင့်တက်ခဲ့ကာ အာဂျင်တီးနား၏ ပဲပုပ်နှင့် လစ်သီယမ် အပါအဝင် တရုတ်သို့ ပို့ကုန်မှာ ၂၀၂၃ ခုနှစ်အတွင်း ၁၅ % ခုန်တက်ခဲ့ပါသည်။

သယံဇာတပေါကြွယ်ဝပြီး အမေရိကန်နှင့် သဘာဝ အလျောက် မိတ်ဖက်ဖြစ်သော တောင်အမေရိကတိုက်သည် မကြာသေးမီကာလများမှစ၍ တရုတ်၏ ဩဇာလွှမ်းမိုးမှုနှင့်အတူ ကူးသန်းရောင်းဝယ်ရေး ကဏ္ဍ ထွန်းကားလာမှုက သမ္မတဒေါ်နယ်ထရမ့် လက်ထက်၌ ကိုလံဘီယာ၊ ပနားမား၊ မက္ကဆီကိုနှင့် ဘရာဇီး၏ သံမဏိ ထုတ်ကုန်အပေါ် ကုန်သွယ်ခွန်အသစ်များ ကျင့်သုံးမည့် အမေရိကန်အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေခဲ့ပါသည်။

အမေရိကန်သည် မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့မှ ကုန်စည်များအပေါ် မတ် ၄ ရက်နေ့မှစ၍ အကောက်ခွန် ၂၅ %နှင့် တရုတ်နိုင်ငံမှ ကုန်စည်များအပေါ် ၂၅ % အပြင် ထပ်တိုးအကောက်ခွန် ၁၀ % ကောက်ခံမည်ဖြစ်ပါသည်။ တောင်အမေရိကတိုက်ရှိ သံတမန်နှင့် ကုန်သွယ်ရေး အသိုင်းအဝိုင်းက ယခုလို တရုတ်၏ ကုန်သွယ်မှုပိုင်းတွင် ဦးဆောင်မှု ကြီးထွားလာခြင်းက သမ္မတထရမ့်၏ လုပ်ဆောင်မှုများကို မေးမှိန်သွားနိုင်ကြောင်း ပြောကြားကြပါသည်။

ဘရာဇီးထိပ်တန်းသံတမန်တစ်ဦးက ဘရာဇီးနိုင်ငံ၏ စီးပွားရေးသည် အမေရိကန်ကို မှီခိုနေခြင်း မဟုတ်ဘဲ ၂၀၂၄ ခုနှစ်တွင်း တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ရှိခဲ့သဖြင့် တရုတ်က ဘရာဇီးအတွက် စီးပွားရေးအရ ပိုမိုအရေးပါကြောင်း၊ ထရမ့်၏ အကောက်ခွန် ခြိမ်းခြောက်မှုသည် တရုတ်၊ ဥရောပနှင့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တောင်အာဖရိကတို့ပါဝင်သော BRICS အဖွဲ့သို့ ခြေဦးလှည့်သွားစေကြောင်း၊ ထိုအချိန်တွင် တရုတ်သည် လက်တွေ့ကျသော စီးပွားရေးမိတ်ဖက်အဖြစ် ဖိတ်ခေါ်နေကြောင်း၊ ကုန်သွယ်မှု စာရင်းများအရလည်း ဘရာဇီး၊ ချီလီ၊ ပီရူး၊ အာဂျင်တီးနားနှင့် တောင်အမေရိကတိုက်ရှိ နိုင်ငံများမှ တရုတ်သို့ ပို့ကုန်သည် လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ၂ ဆကျော်တက်လာခဲ့ပြီး အမေရိကန်သို့ ပို့ကုန်မှာ အနည်းငယ်သာတက်ခဲ့ကြောင်း၊ တရုတ်၏ ကြီးမားသော

ဈေးကွက်က ဒေသတွင်းစီးပွားရေးတွင်လည်း အရှိန်အဝါရှိကြောင်း၊ ရိုက်တာသတင်းဌာနက ဖော်ပြထားပါသည်။

တောင်အမေရိကတိုက်နှင့် တရုတ်၏ ကုန်သွယ်မှုတွင် ကောက်ပဲသီးနှံများ၊ အဓိက လျှပ်စစ်ဓာတ်အားဖြည့် သတ္တုများ၊ ကြေးနီနှင့် လစ်သီယမ်တို့ကြောင့် ပိုမိုတိုးတက်ခဲ့ကြောင်း၊ ကြေးနီအများဆုံး ထုတ်လုပ်သည့် ပီရူး၏ လွန်ခဲ့သော ၁၀ နှစ်ခန့်က အဓိက ကုန်သွယ်ဘက်မှာ အမေရိကန်ဖြစ်သော်လည်း လက်ရှိတွင် တရုတ်ဖြစ်ကြောင်း၊ ပီရူး - အမေရိကန် နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီချက် ရေးထိုးတော့မည်ဖြစ်ရာ အမေရိကန်၏ အကောက်ခွန်အသစ်အလားအလာသည် ပီရူးအပေါ် အနည်းငယ်သာ ရိုက်ခတ်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် အာဂျင်တီးနားနိုင်ငံ၏ ပဲပုပ်နှင့် အမဲသားအတွက် ထိပ်တန်းဈေးကွက်လည်း ဖြစ်ကာ ၂၀၂၄ ခုနှစ်တွင် အာဂျင်တီးနား လစ်သီယမ်တင်ပို့မှု၏ သုံးပုံတစ်ပုံကိုဝယ်ယူခဲ့ကြောင်း၊ ပနားမားနိုင်ငံသည် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း တရုတ်သို့ ကြေးနီတင်ပို့မှုသည် အမေရိကန်သို့ တင်ပို့မှုထက် အဆပေါင်းများစွာ မြင့်တက်ခဲ့ပြီး ပနားမားတူးမြောင်းအရေး၌လည်း အမေရိကန်နှင့် တင်းမာခဲ့ကြောင်း သတင်း၌ ဖော်ပြထားပါသည်။

တောင်အမေရိကတိုက်အတွက် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေး မိတ်ဖက်အဖြစ်အားသာမှုသည် အမေရိကန်ထက် ပိုမိုကြောင်း၊ တရုတ်၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်ဆိုသည်မှာ တောင်အမေရိကတိုက်နှင့် ကုန်စည်ကုန်သွယ်မှု ပိုမိုတိုးတက်ရန်ဖြစ်ပြီး လူဝင်မှုကိစ္စများ၊ ပြစ်မှုနှင့် မူးယစ်ဆေးကိစ္စများ မပါဝင်ကြောင်း တရုတ်ဘက်မှ ပြောကြားထားပါသည်။

ကွမ်ဒေါင် နိုင်ငံတကာ မဟာဗျူဟာ တက္ကသိုလ် (Guangdong Institute for International Strategies ) မှ ပါမောက္ခ Li Xing ကထရမ့်၏ ပြင်းထန်သော နည်းလမ်းများသည် မိမိကိုယ်ကျိုး ကာကွယ်လိုသော နိုင်ငံများအတွက် တရုတ်ဘက်သို့ ပိုမိုရောက်ရှိစေမည်ဖြစ်ကြောင်း ပြောကြားထားပါသည်။

ရင်းမြစ်။ The Straits Times



**Our Website:**
**https//mifer.gov.mm**
**https//www.dica.gov.mm**
**https//myco.dica.gov.mm**
**https//doso.dica.gov.mm**
**https//mohinga.info**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ
၃လ တစ်ကြိမ် ထုတ်ဝေသည်။